မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၃၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ ကြာသပတေးနေ့။

ထူးခြားသည့် ညအပူချိန်များ

၁၃-၂-၂၀၁၃

လွိုင်လင်မြို့	၇ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၉ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၉ ဒီဂရီစင်တီဂရိတ်

တိမ်အသင့်အတင့်

၁၄-၂-၂၀၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံအောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်(LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးမောင်နှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H . E . Dr. Villur Sundararajan Seshadri လည်း တက်ရောက်သည်။

ပူးပေါင်းဆောင်ရွက်

တွေ့ဆုံရာ၌ ကုလားတန်မြစ်စီမံကိန်းလုပ်ငန်းအား ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းဖောက်လုပ်မှုတွင် မြန်မာဘက်မှ များစွာဆောင်ရွက်ပြီးဖြစ်၍ အမြန်ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရေး၊ မိုရေး-တမူး-ကလေး-ကလေးဝ-မန္တလေး လမ်းပြုပြင်မှုအား ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သော လီဒိုလမ်းမကြီး ပြန်လည်ပေါ်ထွန်းလာခြင်းအားဖြင့် အိန္ဒိယ၊ မြန်မာ၊ တရုတ် ကုန်သွယ်မှုပိုမိုဖြစ်ထွန်းလာမည်ဖြစ်၍ ပြန်လည်အကောင်အထည်ဖော်ရန် စဉ်းစားသုံးသပ်ရေး၊ နယ်စပ်တည်ငြိမ်အေးချမ်းမှုများကို နှစ်နိုင်ငံထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော သတင်းအချက်အလက် နည်းပညာလုပ်ငန်းများအား ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၇ / ၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမြတ်ဟိုန်း — ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

(၂) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း — နယ်စပ်ရေးရာဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒေသခံဧည့်လမ်းညွှန်များ ပေါ်ထွက်လာရေး အခြေခံသင်တန်းများဖွင့်ရန် ဟိုတယ် / ခရီးဆောင်ရွက်မည်

ခင်လေးမြင့်အောင် - ရေးသားသည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

နိုင်ငံခြားသား ခရီးသည်များ ဝင်ရောက်မှု များပြားလာခဲ့သည့် နောက်ပိုင်း ဒေသအနှံ့ခရီးသွားလာမှုများ ပြန်လည်ဖွံ့ဖြိုးလာခြင်းနှင့်အပြိုင် ဒေသခံဧည့်လမ်းညွှန်များ ပိုမိုထွက်ရှိလာနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးသွားရန်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

"လက်ရှိအနေနဲ့ ကြည့်မယ်ဆိုရင် ဧည့်လမ်းညွှန်တွေ ထပ်မံလိုအပ်နေပါသေးတယ်။ ကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံများတဲ့ ဧည့်လမ်းညွှန်အချို့ဆိုရင် နားရက်တောင်မရှိပါဘူး။ ခရီးစဉ်တစ်ခုကနေ တစ်ခုကို ဆက်တိုက်လိုက်နေကြရတယ်။ အခုနောက်ပိုင်းမှာလည်း နိုင်ငံခြားသားခရီးသွားတွေ အများစုက တိုင်းပြည်ရဲ့နေရာအနှံ့ကိုသွားချင်ကြတာ။ လက်ရှိမှာတော့ ဟိုတယ်/ခရီးရဲ့ ဦးဆောင်မှုနဲ့ မန္တလေးနဲ့ ပုဂံမှာ ဧည့်လမ်းညွှန်အခြေခံသင်တန်းတွေ စတင်ဖွင့်လှစ်နေပါပြီ။ ထပ်မံပြီးတော့လည်း အခြားခရီးသွားများတဲ့ ဒေသတွေမှာ ဒေသတွင်းဧည့်လမ်းညွှန်ကောင်းတွေ ထွက်ပေါ်လာဖို့ သင်တန်းတွေပေးသွားမှာဖြစ်ပါတယ်"ဟု ဟိုတယ်/ခရီးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ဂျာမန်ဧည့်လမ်းညွှန် မနဒီထက်လွင်က "ခရီးသွားတွေက အလွန်များနေတော့ ဧည့်လမ်းညွှန်တွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များလာတာပေါ့။ ဒါပေမယ့် ဒီလောကထဲမှာလည်း ပြဿနာဆိုတာတော့ ရှိတာပဲလေ။ အခုလိုမျိုး လိုင်စင်ရဧည့်လမ်းညွှန်အနေနဲ့ အကုန်အကျခံသင်ကြားပြီးမှ အလုပ်ရခဲ့ပေမယ့် ခရီးသွားလုပ်ငန်းငယ် အချို့နဲ့ နိုင်ငံခြားသားဧည့်သည်အချို့ ဈေးသက်သက်သာသာနဲ့ရနိုင်မယ့် လိုင်စင်မရှိသေးတဲ့ အပြင်ဧည့်လမ်းညွှန်တွေကို ငှားရမ်းတတ်ကြတယ်။ အမှန်တော့ ဒီအလုပ်ကကိုယ့်တိုင်းပြည်ရဲ့ ပုံရိပ်ကို အများကြီး အထောက်အပံ့ပေးနိုင်ပါတယ်။ တကယ်တမ်း အလုပ်လုပ်ချင်ရင် သက်ဆိုင်ရာ ဟိုတယ်/ခရီးကဖွင့်လှစ်တဲ့ သင်တန်းတွေကို စနစ်တကျနဲ့ တက်ရောက်ပြီးမှသာ လုပ်ကိုင်သင့်တယ်လို့ ယူဆပါတယ်။ ဧည့်လမ်းညွှန်တစ်ယောက်အနေနဲ့ မြန်မာတစ်နိုင်ငံလုံး အခြေအရ သိရှိထားပေမယ့် ကိုယ့်ဒေသအကြောင်းကို သေသေချာချာ ဂိုက်လုပ်နိုင်မယ့်ဒေသတွင်း ဧည့်လမ်းညွှန်တွေကို စနစ်တကျနဲ့ မွေးထုတ်ပေးနိုင်ရင် အများကြီးအကျိုးရှိမှာပါ" ဟု လက်ရှိ လုပ်ငန်းသဘောအား ရှင်းပြသည်။

နိုင်ငံခြားသားခရီးသွားများအား ဘာသာစကားတတ်ကျွမ်းမှုဖြင့် မိမိတို့

စာမျက်နှာ ၉ ကော်လံ ၄ ❐

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရေ၏တန်ဖိုး

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်ဟူ၍ ဆိုရိုးစကားရှိသည်။ ရေသည် လူနှင့် သက်ရှိမှန်သမျှအတွက် မရှိလျှင်မဖြစ်သော အရာဖြစ်သည်။ အပင်အားလုံးအတွက်လည်း ရေသည် မရှိလျှင်မဖြစ်သောအရာဖြစ်သည်။ သက်ရှိ၊ သက်မဲ့ အရာအားလုံးသည် ရေနှင့်ကင်းကွာ၍မရ။ ရေနှင့် ထိတွေ့ပြီး အရာရာကို အသုံးပြုဖန်တီးနေကြရသည်။

သက်ရှိ၊ သက်မဲ့၊ တိရစ္ဆာန်နှင့် အပင် စသည်တို့တွင် ရေသည် အခြားသောအရာများထက်ပို၍ အရေးပါသည်။ လူတို့သည် ရေကိုသောက်သုံးရန်၊ ထမင်းဟင်းချက်ရန်၊ ချိုးရန်၊ ဆေးကြောရန် စသည်တို့အတွက် လိုအပ်သည်။ လူများရှူနေကြရသော လေပြီးလျှင် ရေသည် လူ့အတွက် ဒုတိယအရေးကြီးဆုံး အရာဖြစ်ပေလိမ့်မည်ဖြစ်သည်။ ရေသာမရှိလျှင် သက်ရှိမှန်သမျှ သေကုန်ကြမည်ဖြစ်သည်။ လူတို့ စားသုံးရန် စားနပ်ရိက္ခာများ ထုတ်လုပ်ရန်အတွက်လည်း ရေမရှိလျှင်မဖြစ်။ အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ရန်အတွက်လည်း ရေမရှိလျှင်မဖြစ်။

မြန်မာနိုင်ငံသည် သဘာဝအလျောက် ဖြစ်တည်နေသည့် ပင်လယ်ကမ်းရိုးတန်းကြီးများရှိပြီး ယင်းပင်လယ်ကြီးကို အမှီပြု၍ လူတို့သည် စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေးတို့အတွက် အသုံးပြုနေကြရသဖြင့် လူတို့ကို အကျိုးပြုပေးလျက်ရှိသည်။ သဘာဝအလျောက် ဖြစ်တည်နေသည့် ပင်လယ်ကြီးများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များရှိသကဲ့သို့ သဘာဝအလျောက် ဖြစ်ပေါ်နေသည့် အပူပိုင်းဒေသကြီးများလည်းရှိရာ ယင်းဒေသတို့၌ ရေရှားပါးသော ကျေးလက်ဒေသများလည်းရှိပေသည်။

ရေရှားပါးသောဒေသများရှိ ကျေးလက်ပြည်သူများ၏ ရေခက်ခဲမှုပြေလည်ရန်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် အမျိုးသားဘက်စုံဖွံ့ဖြိုးရေးတိုးတက်မှုစီမံကိန်းတွင် နိုင်ငံတကာ အကူအညီဖြင့် ဆောင်ရွက်ရန် ရေရရှိရေးလုပ်ငန်းပေါင်း ၃၆၀၇ ခု ဆောင်ရွက်ရန်လျာထားပြီးဖြစ်သည်။ ရေရှားပါးသည့် အပူပိုင်းဇုန် တိုင်းဒေသကြီးများတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေလှောင်ကန်၊ မြစ်ရေတင်၊ စက်ရေတွင်းများ တည်ဆောက်တူးဖော်ပေးထားခဲ့ပေသည်။ သောက်သုံးရေသာမက စိုက်ပျိုးရေ ရရှိရေးကိုပါ အဓိကထားဆောင်ရွက်လျက်ရှိသည်။

လူတိုင်းသည် ကျင့်ဝတ်စည်းကမ်း၊ အသိစိတ်ဓာတ်ရှိမှု လိုအပ်ပေသည်။ ရေပေါများသည့် နေရာဒေသတွင် ရေအခက်အခဲ တွေ့ကြုံရခြင်းမရှိ၍ ရေ၏တန်ဖိုးကို မသိရှိကြပေ။ သို့အတွက်ကြောင့်လည်း ရေကိုအကျိုးမဲ့ ဖြုန်းတီးမှုများရှိနေကြသည်။ အသုံးပြုပြီးသောရေပိုက်ခေါင်းများကို ပြန်မပိတ်ခြင်း၊ ပျက်နေသောရေပိုက်များကို ပြုပြင်မှုမရှိခြင်းတို့သည် ရေကို အကျိုးမဲ့ဖြုန်းတီးရာရောက်ပေသည်။ ရေရှားပါးသည့်ဒေသမှ ပြည်သူများကို စာနာထောက်ထားပြီး လူတိုင်းသည် အသိစိတ်ရှိရှိနှင့် ရေကို တန်ဖိုးရှိရှိ အသုံးပြုပြီး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေရှားပါးသည့်နေရာဒေသများတွင် ရေတွင်း၊ ရေကန် ရေအလှူပြုသူများလည်း ရှိကြပေသည်။ ရေလှူရခြင်းအကျိုးသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားဗလကြီးခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ စင်ကြယ်သန့်ရှင်းခြင်း၊ ကျော်စောခြင်း၊ ခြွေရံသင်းပင်းပေါများခြင်း၊ ရေအခက်အခဲမကြုံခြင်း စသည့် အကျိုးကျေးဇူးများရရှိသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ လယ်ယာကဏ္ဍ၊ စက်ရုံ အလုပ်ရုံ၊ ကျောင်း၊ ဆေးရုံ စသည့် နေရာဒေသအားလုံးတွင် ရေသည် မရှိလျှင်မဖြစ်။ သက်ရှိ၊ သက်မဲ့အားလုံးအတွက် လိုအပ်သော ရေ၏တန်ဖိုးကို သိရှိပြီး အကျိုးရှိရှိ အသုံးပြုကြရန် လိုအပ်ပါကြောင်း။ ။

ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကျောင်းသား ကျောင်းသူများ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့ကို သိမြင်လာစေရေး အတွက် (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းပေါင်း ၃၀ မှ အဆင့်လိုက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထူးချွန်ထက်မြက်ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဖေဖော်ဝါရီ ၁၂ ရက်က အထက(၃) ကျောင်းဝင်းအတွင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်း**(ဝဲပုံ)**၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၀၂၇)**

ပြည်တွင်းသတင်း

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု ရက်တိုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု ရက်တိုသင်တန်း (၁/၂၀၁၃) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဆည်းပူးလေ့လာ

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရန် လာရောက်ကြသည့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ထိတွေ့ဆက်ဆံပြောဆိုရာတွင် နိုင်ငံတကာနှင့်ပတ်သက်သော အတွေ့အကြုံများ၊ အသိပညာများ လိုအပ်၍ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု ရက်တိုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝသယံဇာတထက်ပို၍ အရေးကြီးသည်မှာ လူသားစွမ်းရည်ဖြစ်ကြောင်း၊ လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်အောင် ယခု အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုရက်တိုသင်တန်းက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ တိုးတက်ဖြစ်ပေါ် ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးရာ၊ ဒေသတွင်း တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်အတူ မိမိနိုင်ငံ၏ ရပ်တည် ဆောင်ရွက်ချက်များကို သင်တန်းကာလအတွင်းတွင် အတိုင်းအတာတစ်ခုအထိ ဆည်းပူးလေ့လာခွင့် ရရှိလာမည့် အခွင့်အရေးကို ရယူနိုင်ရန် အချိန်ကိုအကျိုးရှိစွာ အသုံးပြုသွားကြရန် မှာကြားသည်။ အဆိုပါ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု ရက်တိုသင်တန်းတွင် စေ့စပ်ဆွေးနွေးခြင်းနည်းပညာ၊ သံတမန်စာရေးသားနည်း၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပခြင်း၊ Communication Skills၊ ပွဲလမ်းများတွင် ဆောင်ရန်/ရှောင်ရန် စသည့် ဘာသာရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစား သံအမတ်ကြီးများနှင့် အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များက တိုင်းဒေသကြီးအဆင့်ပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား သင်တန်းပို့ချကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက္ကစံစေတီတော် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်၏ (၁၁၃)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက်) ဖေဖော်ဝါရီ ၁၇ ရက်မှ (တပို့တွဲလပြည့်ကျော် ၁ ရက်) ဖေဖော်ဝါရီ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း၊ ၂၄ ရက်တွင် မြန်မာ့ရိုးရာထမနဲ(နှမ်းမနဲ)ထိုးပွဲ၊ ၂၅ ရက်(တပို့တွဲလပြည့်နေ့) နံနက်အရုဏ်တက်တွင် ဗုဒ္ဓရုပ်ပွားတော်များအား ထမနဲဆွမ်းကပ်ခြင်း၊ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ည ၇ နာရီတွင် မဟာဒုတ်အလှူရှင် ရွေးချယ်ခြင်းတို့ကို နိဗ္ဗာန်ရည်မှန်းကာ ကုသိုလ်ပြု ဆောင်ရွက်မည်ဖြစ်ရာ စေတနာရှင် အလှူရှင်များ စေတီတော်ဂေါပကရုံးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(ကိုချစ်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ နှစ်စဉ်လာရောက်လေ့ရှိပါသည်။ ဆောင်းခိုငှက်များသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာတတ်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကျရောက်ဖြစ်ပွားမှုရှိနေခြင်းတို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ ။



ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ **Honourable Smt. Meira Kumar** အား ဇမ္ဗူသီရိဧည့်ခန်းမဆောင်ဥပစာ၌ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ စောင့်ကြို၍ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌအား ဇမ္ဗူသီရိဧည့်ခန်းမဆောင် ဥပစာ၌ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ စောင့်ကြို၍ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့သည် ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား လွှတ်တော်ရေးရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်လွှတ်တော်ဥက္ကဋ္ဌနှင့် အိန္ဒိယနိုင်ငံ လွှတ်တော် ကိုယ်စားလှယ်များအား မြန်မာနိုင်ငံလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယခုလို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌမှ အဆွေတော်၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့် ရရှိ၍ ဝမ်းသာဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သဖြင့် အလွန်ဝမ်းမြောက်မိပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော် ကျင်းပနေသည်ကို ကိုယ်တိုင်ကိုယ်ကျလေ့လာခွင့်ရရှိခဲ့ပါကြောင်း၊ လွန်ခဲ့သည့် (၂) နှစ်တာကာလအတွင်းကပင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို လေ့လာစောင့်ကြည့် အကဲခတ်ခဲ့ပြီးဖြစ်သည့်အတွက်မြန်မာနိုင်ငံသည် သမိုင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အိန္ဒိယခရီးစဉ်မှတ်တမ်းဓာတ်ပုံများအား အမှတ်တရပေးအပ်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်သည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးဝင်းစိန်၊ ဦးစိုးနိုင်၊ ဦးသူရိန်ဇော်၊ ဦးတီခွန်မြတ်နှင့် ဦးဌေးမြင့်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်နှင့် ဒေါ်ဒွဲဘူ၊ ကော်မတီဝင်များဖြစ်ကြသည့် ဒေါ်ဇာတလဲမ်းနှင့် ဒေါ်ခင်စောဝေ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်(LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သည့် အိန္ဒိယလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာ၌ အိန္ဒိယနိုင်ငံ၏ လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများ၊ မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား အတွေ့အကြုံများ ဖလှယ်ရေး၊ လွှတ်တော်ဆိုင်ရာ သင်တန်းများ ပို့ချသွားနိုင်ရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံလွှတ်တော်တွင်လိုအပ်မည့် စာအုပ်စာတမ်း၊အသုံးအဆောင်ပစ္စည်းများ ပေးပို့ကူညီဆောင်ရွက်သွားရေး ဆိုင်ရာများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချက်သမ္မတနိုင်ငံသမ္မတထံ သံအမတ်ကြီးဦးစိုးနွယ်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ပရပ်မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗက်ကလက်(ဗ်)ကလော့(စ်)ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အာဖဂန်မှ ကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ ပြန်ရုပ်သိမ်းမည်

ကဘူးလ် ဖေဖော်ဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်ဖြန့်ချထားသော အမေရိကန်တပ်ဖွဲ့ဝင် ၆၆၀၀၀ အနက် ထက်ဝက်ကို လာမည့်လ၌ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ဆုံးဖြတ်ချက်ကို အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းက ကြိုဆိုလိုက်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က သတင်းထုတ်ပြန်သည်။

လာမည့် ၁၂ လအတွင်း အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၀၀၀ ကို ပြန်လည်ရုပ်သိမ်းမည့် အစီအစဉ် အကောင်အထည်ပေါ်လာသည့်အခါ ယင်းနယ်မြေများ၌ အာဖဂန်တပ်ဖွဲ့ဝင်များ တာဝန်ယူဆောင်ရွက်ရန် စီစဉ်နေကြောင်း အာဖဂန်နစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဇီမီက ပြောကြားသည်။

ဘားရက်အိုဘားမားကလည်း မိမိတို့တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်အကြောင်းကို သမ္မတကာဇိုင်းထံ ပြောကြားခဲ့ပြီးနောက် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ ပြန်လည်နေရာယူ ဖြန့်ချမည့်အစီအစဉ်ကို စီစဉ်နေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အာဖဂန်မှ ပြည်ပတပ်ဖွဲ့ဝင်အများအပြားရုပ်သိမ်းရေး၊ နယ်မြေလုံခြုံရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးများကို အမေရိကန်သမ္မတ အိုဘားမားနှင့် အာဖဂန်သမ္မတကာဇိုင်းတို့ ဆွေးနွေးခဲ့မှုများ ယခင်က အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသည်။ **(ဆင်ဟွာ)**

အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဆင်ရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များ။

မစ္စစ္စပီပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်

ဂျက်ဆင် ဖေဖော်ဝါရီ ၁၃

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ်တွင် လေဆင်နှာမောင်းတစ်ခု တိုက်ခတ်ခဲ့မှုကြောင့် အဆောက်အအုံများစွာ ပျက်စီးပြီး လူတစ်ဒါဇင်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၁၂ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါလေဆင်နှာမောင်းသည် ဖေဖော်ဝါရီ ၁၀ ရက်က တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မစ္စစ္စပီတောင်ပိုင်းရှိ ဟတ်တီစဘတ်မြို့တွင် အဆိုးရွားဆုံးခံခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ပြောကြားချက်အရ သိရသည်။

၎င်းလေဆင်နှာမောင်းဖြတ်သွားရာနေရာအောက်ရှိ အဓိကလမ်းမကြီးအပါအဝင် မစ္စစ္စပီတောင်ပိုင်း တက္ကသိုလ်နယ်မြေအတွင်း ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံများ၊ ကုန်သွယ်ရေးဆိုင်ရာ အဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံပေါင်း ၁၀၀ ခန့် ပျက်စီးသွားခဲ့သည်ဟု ဆိုသည်။

"ကျွန်တော် ပြတင်းပေါက်အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ မိုးခြိမ်းသံကြီးကို ကြားရပါတယ်။ အဲဒီအသံကြီးက ရထားခုတ်မောင်းသံကြီးနဲ့တူပါတယ်။ ကျွန်တော်တို့ အိမ်အခန်းတွင်း ပြေးသွားတဲ့အချိန်မှာ မီးဖိုချောင်ပြတင်းပေါက်များနှင့် အိပ်ခန်းပြတင်းပေါက်များ ပွင့်ထွက်သွားခဲ့ပါတယ်" ဟု အိမ်ပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

ထုတ်ပြန်ကြေညာ

သစ်ပင်များ ပြိုလဲခြင်းနှင့် အဆောက်အအုံများ ပျက်စီးခြင်းကြောင့် တက္ကသိုလ်နယ်မြေဧရိယာအတွင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာထားသည်ဟု ဆိုသည်။ လေဆင်နှာမောင်းကြောင့် ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများ ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

ကမ္ဘာမြေလေ့လာရေး လန်းဆက်ဂြိုဟ်တုလွှတ်တင် ရာသီဥတုပြောင်းလဲမှုများကို လေ့လာမည်

ကမ္ဘာဂြိုဟ်လေ့လာရေးဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို နာဆာမှ ဖေဖော်ဝါရီ ၁၁ ရက်က လွှတ်တင်လိုက်ပြီဖြစ်ရာ ကမ္ဘာဂြိုဟ်မျက်နှာပြင်ကို လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

နာဆာ၏လန်းဆက်ဒေတာကွန်တင်နူကီမစ်ရှင်က နောက်ဆုံးလွှတ်တင်လိုက်သည့် ဂြိုဟ်တုဖြစ်ပြီး ကမ္ဘာဂြိုဟ်အား ဆယ်စုနှစ်လေးစုကြာမျှ စီမံကိန်းချမှတ်လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လန်းဆက်ဟု အမည်ပေးထားသော ၎င်းဂြိုဟ်တုသည် ကမ္ဘာမြေ၏ထူးခြားဖြစ်စဉ်များကို အသေးစိတ်ရယူကာ ပုံရိပ်များထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ကမ္ဘာမြေ၌ ရေခဲမြစ်များစီးဆင်းမှု၊ အန္တာတိကရေခဲပြင်များကျုံ့လာမှု၊ တောမီးများတဖြည်းဖြည်းပိုမိုလောင်ကျွမ်းလာမှုနှင့် အခြားထူးခြားသောအဖြစ်အပျက်များ ကမ္ဘာမြေပေါ်တွင် ဖြစ်ပေါ်လာမှုများကို အသေးစိတ်ရယူကာ သတင်းအချက်အလက်နှင့် ပုံရိပ်များ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

တစ်ဖန် ကမ္ဘာတစ်ဝန်းလူသားတို့အခြေချနေထိုင်မှုဧရိယာကျယ်ပြန့်လာမှုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေပေါ် ရိုက်ခတ်လာမှု၊ လူသားတို့၏ ပြုမူမှုများကြောင့် ကမ္ဘာ့ရာသီဥတုအပေါ် ရိုက်ခတ်လာမှုအတိုင်းအဆများကို လေ့လာရယူကာ သတင်းဓာတ်ပုံများ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။



လန်းဆက်ဂြိုဟ်တုသည် နည်းပညာနှင့် နည်းစနစ်ပိုင်းကောင်းမွန်အောင် ပြုလုပ်ထားသော နောက်ဆုံးထုတ်ဂြိုဟ်တုတစ်လုံးဖြစ်ရာ ကမ္ဘာမြေနှင့် ကမ္ဘာဂြိုဟ်၏ပြောင်းလဲမှုဖြစ်စဉ်များကို အချိန်၊ နေ့ရက်များအလိုက် ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ကမ္ဘာဂြိုဟ်၏ မျက်နှာပြင်အနေအထားနှင့် ပြောင်းလဲမှုများကို ၁၉၆၀ ခုနှစ်ခန့်ကပင် သတင်းအချက်အလက်များ ရယူထုတ်ပြန်ခဲ့ရာ ယခုအခါ အချက်အလက်များကို ပိုမိုပြည့်စုံသော ကမ္ဘာမြေဓာတ်ပုံများ ထုတ်ပြန်ပေးနိုင်တော့မည်ဖြစ်သည်။

ထိုသို့ သတင်းအချက်အလက်နှင့် ဓာတ်ပုံများ ထုတ်ပြန်ပေးပါက အာကာသရေးရာနှင့် ကမ္ဘာမြေပြင်တို့ချိတ်ဆက်မှုမပြတ်ဘဲ အာကာသယာဉ်မှူးများအတွက်လည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။ ယခုလန်းဆက်အစီအစဉ်သည် နာဆာနှင့် အမေရိကန်ဘူမိလေ့လာရေးအဖွဲ့တို့က ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာမှုများ ဆက်တိုက်ပြုလုပ်သွားမည် ဖြစ်သည်။

ကမ္ဘာမြေလေ့လာရေးစီမံကိန်းကို နာဆာမှ ၁၉၆၆ ခုနှစ်က စတင်ခဲ့ပြီး ကမ္ဘာမြေနှင့်ရာသီဥတုဆိုင်ရာလေ့လာရေးအတွက် ၁၉၇၂ ခုနှစ်ကပင် လန်းဆက်အမျိုးအစားဂြိုဟ်တုဖြင့် လွှတ်တင်ကာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများ ရယူရေးဆောင်ရွက်ခဲ့သည်။

ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုကိုအမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒန်ဘတ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လန်းဆက်အမျိုးအစားရှစ်လုံးမြောက် ဂြိုဟ်တုလည်းဖြစ်သည်။ **(ရိုက်တာ)**

မောင်သစ္စာ-ရေးသားသည်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
Air Conditioner (5.0) HP များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Air Conditioner (5.0) HP ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

လေးစားတန်ဖိုးထားခြင်းများဖြင့် စားပွဲဝိုင်းတွင် ဖြေရှင်းညှိနှိုင်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်း ဖြစ်ပါကြောင်း၊ ယခုလို ညှိနှိုင်းဖြေရှင်းခြင်းဖြင့် ရရှိလာသော ငြိမ်းချမ်းရေး အကျိုးဆက်ကို ပြည်သူများ စတင်ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ရေရှည်အကျိုးခံစားနိုင်ရေးသည် မိမိတို့၏ တာဝန်အဖြစ်ခံယူပြီး ယခုလို ယာယီငြိမ်းချမ်းရေးမှ ထာဝရ ငြိမ်းချမ်းရေးအဆင့်ရောက်အောင် အဖြေရှာပါက ပြည်သူလိုလားတောင့်တသည့် ငြိမ်းချမ်းရေးကို မလွဲမသွေရရှိလာမည်ဖြစ်ပါကြောင်း၊ ဤနိုင်ငံကို ပြည်သူအားလုံးက ပိုင်ဆိုင်ပါကြောင်း၊ ဤနိုင်ငံ၏ ကောင်းကျိုးဆိုးကျိုးသည် မိမိတို့ အားလုံးအပေါ်တွင်မူတည်နေပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ရှိကြပါကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်သည်လည်း ဖျောက်ဖျက်၍ မရနိုင်ပါကြောင်း၊ သို့ရာတွင် ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်နှင့် ပြည်ထောင်စုချစ်စိတ်တို့ယှဉ်လာပါက ပြည်ထောင်စုစိတ်ဓာတ်ကိုသာ ဦးစားပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို သားစဉ်မြေးဆက်ပိုင်ဆိုင်နိုင်အောင် ကာကွယ်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးသည် တိုင်းပြည်၏ ခွန်အားဖြစ်ပါကြောင်း၊ ယနေ့ ကြုံတွေ့နေရသည့် လက်နက်ကိုင်ပဋိပက္ခ အမွေဆိုးများကို မိမိတို့လက်ထက်တွင် ချုပ်ငြိမ်းပြီးပြတ်စေပြီး နောင်လာနောက်သားများအား ကောင်းမွန်သည့်အမွေကို ပေးခဲ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် ဒီမိုကရေစီနည်းအရ ပြည်သူက ရွေးကောက် တင်မြှောက်ထားသည့် အစိုးရဖြစ်သည့်အတွက် ပြည်သူလူထု၏ ဆန္ဒကို အလေးထားဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ပြည်သူ၏ ဆန္ဒသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေထိုင်လိုသည့် ဆန္ဒဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒပြည့်ဝစေရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ အားသွန်ခွန်စိုက်ကြိုးစားခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်ဦးပေါ်တစ်ဦး ချစ်ခင်ရင်းနှီးပြီး ယုံကြည်မှုရှိအောင် အချိန်များစွာ လုပ်ဆောင်ခဲ့ရပါကြောင်း၊ စားပွဲဝိုင်းတွင် ရောက်ရှိလာကြပြီး နှစ်ပေါင်း (၆၀)ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခကို ချုပ်ငြိမ်းအောင် ဆွေးနွေးနိုင်ကြပြီဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့မှုအပေါ်ကြည့်ပါက နှစ်ဦးနှစ်ဖက်အကျိုးမရှိပါကြောင်း၊ နှစ်ဦးနှစ်ဖက် စစ်သည်များသေဆုံးခဲ့ရပြီး ဇနီး၊ သားသမီး၊ ဆွေမျိုးများ၏ သောကများ၊ ဒေသခံပြည်သူများ၏ ကြောက်ရွံ့စိုးရိမ်မှုများသာ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ဤဆုံးရှုံးမှုများသည် တိုင်းပြည်၏ ဆုံးရှုံးမှုများပင် ဖြစ်ပါကြောင်း။

ယနေ့စားပွဲဝိုင်းတွင် ဆွေးနွေးမှုများကြောင့် ငြိမ်းချမ်းရေးရောင်ခြည်များသန်းလာပြီဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် ကေအိုင်အေအဖွဲ့နှင့်လည်း ဖေဖော်ဝါရီ ၄ ရက်နေ့ ရွှေလီဆွေးနွေးပွဲမှ ရလဒ်ကောင်းများရရှိပြီး ပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ သာယာလှပသည့်အနာဂတ်ကို ဖန်တီးနိုင်ရန် မိမိတို့တွင် တာဝန်ရှိပါကြောင်း၊ ပြည်သူ့ဆန္ဒများကို အလေးထားသည့် အနေဖြင့် ယခုလက်ရှိအခြေအနေမှ ထာဝရငြိမ်းချမ်းရေးအဆင့်သို့ ရောက်အောင် လက်တွဲလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

မှာကြား

ထာဝရ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများ ဆောင်ရွက်နေသည့် တစ်ပြိုင်တည်းမှာပင် ပျက်စီးသွားခဲ့သည့် လမ်း၊ တံတား၊ လူနေအဆောက်အအုံ စသည့် ရုပ်ဝတ္ထုပစ္စည်းများကိုလည်း ပြန်လည်ထူထောင်သွားရမည် ဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်းသို့ ရောက်ရှိလာကြသူများ၏ စားဝတ်နေရေးကိစ္စများနှင့် အလုပ်အကိုင်ရရှိရေးတို့ကိုလည်း တစ်ဆက်တည်း လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မရှင်းလင်းရသေးသည့် မြေမြှုပ်မိုင်းများကိုလည်း ရှင်းလင်းရန် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်တွင်းအားနှင့်သာမက နိုင်ငံတကာအကူအညီများရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် မှာကြားသွားသည်။

ထို့နောက် တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးရေးနှင့် စားဝတ်နေရေး ဖူလုံစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရှင်းလင်းဖြေကြား

ထို့နောက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအတွင်း သိပ္ပံနည်းကျ စိုက်ပျိုးမွေးမြူထားရှိမှုများကို လှည့်လည်ရှင်းလင်းပြသရာ ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သိရှိလိုသည့် မေးမြန်းချက်များကို နိုင်ငံတော်သမ္မတက ရင်းရင်းနှီးနှီး ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးကို ၁၃၇၄ခုနှစ် တပေါင်းလဆန်း ၂၊ ၃၊ ၄ ရက် (၂၀၁၃ ခုနှစ် မတ် ၁၃၊၁၄၊ ၁၅ရက်)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍၁၃၇၄ခုနှစ် တပေါင်းလဆန်း ၅၊ ၆ ရက် (၂၀၁၃ ခုနှစ် မတ် ၁၆၊ ၁၇ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁ ရက် (၂၀၁၃ခုနှစ် မတ် ၁၂)ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၈၊ ၉၊ ၁၀ ရက် (၂၀၁၃ခုနှစ် မတ် ၁၉၊ ၂၀၊ ၂၁ရက်)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း၇ရက် (၂၀၁၃ခုနှစ် မတ် ၁၈)ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် လည်းကောင်း ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်းနှင့် ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာ ဆရာမများ အရည်အသွေးမြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပညာသင်ယူရာတွင် အထူးကြိုးစား လေ့လာသင်ယူကြမှသာလျှင် သင်တန်းများပြီးဆုံး၍ ဘွဲ့ရရှိချိန်တွင် နိုင်ငံတကာ အဆင့်မီနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များကို အာရုံစူးစိုက်ကြိုးစားအားထုတ်၍ အချိန်များများပေးပြီး ဆည်းပူးလေ့လာရမည် ဖြစ်ကြောင်း၊ သို့မှသာ နောင်အနာဂတ်တွင် မိမိတို့ရည်မှန်းထားသည့် သုတေသနအခြေပြုတက္ကသိုလ်များအဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ၏ စံနမူနာယူထိုက်သော ဆရာဆရာမများဖြစ်အောင်ကြိုးစားသင်ကြားပေးကြရန်နှင့် မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီး၌ မိမိတို့တတ်သိနားလည်ထားသလောက်ဖြင့် ကျေနပ်မနေဘဲ မိမိတို့၏ အရည်အသွေး ပိုမိုမြင့်မားမှုရှိလာစေရန်အတွက်စဉ်ဆက်မပြတ် လေ့လာမှုများ လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သင်တန်း(လှိုင်)သို့ရောက်ရှိပြီးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သင်တန်း(လှိုင်)မှ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ အလုပ်ခွင်သို့ ဝင်ရောက်ရန်အသင့်ဖြစ်နေမည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် မွေးထုတ်ပေးနိုင်ရေး လမ်းညွှန်မှာကြားခဲ့ပြီး ကျောင်းသားကျောင်းသူများ လက်တွေ့လုပ်ဆောင်နေမှုများနှင့် စာတွေ့၊ လက်တွေ့တစ်ပြိုင်နက် ထိထိမိမိ သင်ကြားပေးမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါး

အဖိုးထိုက်တန် ပစ္စုပ္ပန်

ဝါရွှေနွယ်သွေး

ဒေါ်မြနွယ်တစ်ယောက် နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် ရုံးခန်းထဲသို့ဝင်လာခဲ့သည်။ တံခါးဝကိုကျောပေး၍ ဖုန်းပြောနေသော ဝန်ထမ်းတစ်ဦး၏ နောက်ကျောပြင်ကို သိမှတ်မဲ့စွာကြည့်ရင်း စားပွဲရှိရာသို့ လျှောက်လာခဲ့သည်။ ဒေါ်မြနွယ်စိတ်တွေ အမှန်ပင်နောက်ကျိလို့နေသည်။ လက်ထောက်မန်နေဂျာဘဝနှင့် ဒီဌာနကိုရောက်တာ လပိုင်းမျှရှိသေးသည်။ မန်နေဂျာဖြစ်သူက ရုတ်တရက် ဆေးခွင့်ယူလိုက်၍ သူ့တာဝန်များကို ခေတ္တ တာဝန်ယူလိုက်ရသည့် အချိန်မှစ၍ ဒေါ်မြနွယ်နှလုံးအိမ်အတွင်းကို စိတ်ညစ်ခြင်းတွေက အလုံးအရင်းနှင့်ဝင်ရောက်လာခဲ့ကြသည်။

'Chest Pain 'ဟုခေါ်သော ရင်ဘတ်အောင့်ခြင်းဝေဒနာကို ဒေါ်မြနွယ် စတင်ခံစားရသည့်နေ့ကတော့ လေထိုးလေအောင့်တာများလား၊ ပင်ပန်းလွန်းလို့လား၊ မိမိအိမ်မှာလို မွေ့ရာထူထူနှင့်မအိပ်ရလို့လားဟုဆိုကာ ဘာသိဘာသာ နေလိုက်မိသည်။ နောက်တစ်ကြိမ် ရင်ထဲက စူးခနဲ ထိုးအောင့်လာတော့ ဒေါ်မြနွယ် ထိတ်လန့်စပြုပြီ။

ထိုးအောင့်လာသော ဘယ်ဘက်ရင်အုံကို ညာဘက်လက်ချောင်းများနှင့် ဖိထောက်ထားပြီး ဘုရား၊ ဘုရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကွေးသောလက်မဆန့်ခင် ဆန့်သောလက် မကွေးခင် ရုတ်တရက် သေတော့မသွားနိုင်ဘူးထင်ပါရဲ့လေဟု မသိခြင်းတရားများကို သိသိကြီးဖြေလျှော့တွေးလိုက်မိသေးသည်။

"ဘယ်လိုခံစားရသလဲ"ဟု နှလုံးဆရာဝန်ကြီးကမေးစဉ်-

"ဟောဒီဘယ်ဘက်ရင်အုံထဲက နာတာ၊ ဘယ်လိုပြောရမလဲဆိုရင် ဆရာ ရင်ညွန့်တို့ ရင်ဝထဲကနေ နာတာမဟုတ်ဘူး။ ဟောဒီနှလုံးသား တည့်တည့်ကနာတာ၊ ရင်နာနေတာလို့ပြောရမယ်ထင်တယ်"။

နှလုံးဆရာဝန်ကြီးက ဟက်ခနဲ တစ်ချက်ရယ်ပြီး "ရင်နာတယ် ဟုတ်လား၊ ဝတ္ထုထဲကစကားလုံးလေးတွေပဲ စိတ်မပူပါနဲ့"ဟု ဝေဒနာရှင်ကို ပေါ့ပါးစေရန် ရယ်မောပြောဆိုပြီး အီးစီဂျီဆွဲ၊ ဓာတ်မှန်ရိုက်၊ သွေးစစ်၊ လိုအပ်သမျှအားလုံး စစ်ပေးပြီး (ECHO) ပါ ရိုက်ပေးခဲ့သည်။ နောက်ဆုံးအဖြေက Inferinor Ischemia ၏ သေနိုင်လောက်သည့် နှလုံးရောဂါ မဟုတ်၊ " နှလုံးရောဂါ၏ မြစ်ဖျားခံရာ ဝေဒနာအစ"လို့ မိမိဘာသာ နာမည်လှလှပေးလိုက်သည်။

"အသက် (၇၀)ထိ အသက်ရှည်ရှည်နဲ့ အလုပ်လုပ်နိုင်ပါသေးတယ်။ စိတ်တွေကို လျှော့ထားပေးပါ။ " Stress"ကြောင့်ဖြစ်တာ စိတ်ဓာတ်ပေါ့ဗျာ။ စိတ်ဖိစီးတာတွေများနေပုံရတယ်။ ဆေးတွေလည်းပေးထားမယ်။ မသက်သာရင် အချိန်မရွေး ပြန်လာပြပါ"။

စိတ်ဖိစီးတာတွေ

နှလုံးဆရာဝန်ကြီးစကားကို ဒေါ်မြနွယ်နှုတ်မှ သံယောင်လိုက်၍ တီးတိုးရေရွတ်လိုက်မိသည်။ ရွှေပြည်တော်နဲ့ မိသားစုရှိရာ ရန်ကုန်မြို့ကို လွမ်းပြန်လိုကူးသန်းနေရသည့် ခရီးပန်းခြင်းတွေက တစ်တရားခံလား မသေချာသော်လည်း အလုပ်ခွင်အသစ်၊ နေရာအသစ်မှာ ရုံးခန်းထဲစဝင်ပါပြီဆိုကတည်းက မိမိစိတ်နှင့် အံမဝင်၊ သဟဇာတမဖြစ်သည့် ဝန်ထမ်းအချို့၏ အပြုအမူဆက်ဆံပုံတွေက နှစ်တရားခံဖြစ်မည်ထင်သည်။ စရောက်ကတည်းက အချိုးမပြေသော ဝန်ထမ်းတစ်ဦး၏ မျက်နှာကြောနှင့်လေသံက ဒေါ်မြနွယ်နှလုံးကို အရင်ဆုံးဝင်ဆောင့်သည်။ မန်နေဂျာရှိစဉ်က မန်နေဂျာ၏ အရေးပေးခြင်းကို အခံရဆုံးသူဟု သိရသည်။

ပထမဆုံးဖုန်းပြောသည့်ကိစ္စနှင့် စတင်မိတ်ဆက်ခံရသည်။ မန်နေဂျာ အပြင်ထွက်သည်နှင့် ရုံးဖုန်းသည် လုံးဝမအားတော့။ ထမင်းစားပြီးပြီလား၊ ဘာဟင်းနဲ့စားလဲ၊ အခုဘာလုပ်နေလဲ၊ အဝတ်တွေလျှော်ဖို့မမေ့နဲ့၊ ဈေးက ဘာတွေဝယ်ခဲ့လဲ၊ ညကအိပ်ပျော်ရဲ့လား ဘာညာသာရကာနှင့် နဖာကလော်၊ လက်သည်းညှပ်တာကအစ ထိုင်ပြော၊ ရပ်ပြော တစ်နာရီနီးပါးပြောသည်က ကမ်းကုန်ရော။ အနားမှာ ကိုယ့်ထက်ရာထူးမြင့်သူ ထိုင်နေသည်ကိုမမှု၊ ဖုန်းလေးခဏဆက်ပါရစေဟု ခွင့်မတောင်း၊ လူမလေး၊ ခွေးမခန့်သည့် ဘဝရောက်နေပြီလား၊ အလုပ်ထဲမှာ ဘယ်လိုမှ စိတ်နှစ်ထားလို့မရအောင် သူတို့ပြောနေသည့်အကြောင်းအရာများကိုပင် ယောင်ပြီးနားထောင်နေမိတော့သည်။

ဒေါ်မြနွယ်၏ ယခင်အော်ပရေးရှင်းဌာနမှာတုန်းက မိမိအခန်းနှင့် မိမိသီးသန့်၊ ယခုဌာနနှင့် အလုပ်အနေအထားချင်းကလုံးဝကွာခြားသည်။ မိုးလင်းမိုးချုပ်ဆိုက်တွေထဲမှာ အချိန်ကုန်ရသည်။ လက်အောက်ဝန်ထမ်းများနှင့် အချိန်ပြည့်ဆက်ဆံရသည်မရှိ။ နေ့စဉ် နေ့တိုင်း စက်ရုပ်တစ်ရုပ်လို ပြေးလွှားနေရသည့်ဘဝမှာ မောလို့မောမှန်းမသိဘဲ ပျော်နေခဲ့သူ။ ရုတ်တရက် စီမံကိန်းဌာနကိုရောက်လာလိုက်တော့ ဒေါ်မြနွယ် မနေတတ်မထိုင်တတ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ယောင်ချာချာဖြစ်နေရသည်။ မန်နေဂျာက သဘောတော့ ကောင်းပုံရသည်။ ဒေါ်မြနွယ်ရောက်စရုံးခန်းထဲမှ အငယ်တန်းဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးစဉ်အခါက သူတို့လေးတွေက အားကိုးရသည်တဲ့။ လက်ထောက်မန်နေဂျာအလုပ်များကို လုပ်နေရသူများတဲ့။ သူတို့ရှိနေလျှင် လက်ထောက်မန်နေဂျာပင်မလိုဟု အားလုံးရှေ့တွင်ပင် ဒေါ်မြနွယ်ကို အိုဗာပေးတော့ အံ့သြစိတ်နှင့်မန်နေဂျာကိုပြူးကြောင်ကြောင် ပြန်ကြည့်ဖြစ်သည်။ ပြဿနာပါပဲ၊ ဘွဲ့တွေ ဂုဏ်ထူးတွေရယူထားပြီး အတွေ့အကြုံတွေ တစ်ပွေ့တစ်ပိုက်နှင့် လာခဲ့ရသည့် ဒေါ်မြနွယ် ဘယ်သူ့မျက်နှာကြည့်ရမလဲ၊ စဉ်းစားရခက်သွားသည်။ ဒေါ်မြနွယ်ရောက်လာတာကိုပဲ မလိုလားတာလား၊ ဝန်ထမ်းငယ်တွေကိုပဲ မြှောက်စားတာလား၊ မျက်နှာကဲကို ဖမ်းမရ။

ရှိစေတော့၊ ဒီနေရာမှာ ခဏပဲနေမှုဖြစ်မည်။ ပြန်ပြောင်းရွှေ့လို့ရလျှင်ရ၊ မရလျှင်အလုပ်မှထွက်ခွင့်ပြုရန် အထက်လူကြီးများထံ တင်ပြမည်။ လက်တွေ့မှာ ထင်သလောက်မလွယ်၊ ယခင်လူ၏အုပ်ချုပ်မှုအောက်ပုံစံဝင်၊ ခွင်တည့်နေသူများကို အခုမှ ကိုယ်ကအုပ်ချုပ်မင်းလုပ်တော့ သူတို့တွေက ကိုယ့်ကိုအမျိုးမျိုးအကဲစမ်းကြသည်။ "စိတ်ညစ်လိုက်တာကွယ်"ဟုသာ တစ်နေကုန် ထိုင်ညည်းနေမိတော့သည်။ ဒေါ်မြနွယ်တစ်ယောက်လုံးတစ်နေကုန် စားပွဲမှာကျောက်ချပြီး ငုတ်တုတ်ထိုင်နေပါလျက်နှင့် တစ်နေရာရာကဖုန်းလာလျှင် မန်နေဂျာ ဆေးခွင့်ယူထားကြောင်း ပိတ်ပြီးပြောသည်။ ငွေရေးကြေးရေးကိစ္စတချို့ကို လက်ခံတာဝန်ယူရသည့် နေရာမှာတော့ သတိထားရပြီ။ လက်ရှိအနေအထားအရ မိမိက တာဝန်အရှိဆုံးလူသားဖြစ်နေပြီမို့ မသိကျိုးကျွံပြုထား၍မရတော့။

ထို့ကြောင့် ကောင်းသောအစိုးရ၊ သန့်ရှင်းသောအစိုးရဖြစ်ဖို့သည် အောက်ခြေဝန်ထမ်းများမှစ၍ ပြုပြင်ပြောင်းလဲဖို့လိုကြောင်း၊ တာဝန်ခံခြင်း၊ တာဝန်သိခြင်း၊ တာဝန်မဲ့ခြင်း စသည့်စကားလုံးကြီးကြီးများကိုသုံး၍ မြှောက်မြှောက် ခြောက်ခြောက်နှင့် ဩဝါဒချွေတော့ ကမ္ဘာဦးလူသားလို ကိုယ့်ကိုပြန်ကြည့်သည့် မျက်နှာပေး၊ လုပ်ရိုးလုပ်စဉ်များကို ဘာမှနားမလည်သေးပါလားဟူသော အဓိပ္ပာယ်ပါသည့် မျက်လုံးတွေက တစ်ပုံစံတည်းဖြစ်နေကြသည်။ ဒီတော့ တစ်နေ့တစ်နေ့ အချိန်တွေမြန်မြန်ကုန်ပါစေဟုသာ ဆုတောင်းနေရပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖိုင်များ၊ စာရွက်စာတမ်းများကြား ငုတ်တုတ်ထိုင်နေရသည့်ဘဝမှာ စိတ်ညစ်မှုတွေနှင့်အတူ ရင်ထဲမှာတလုပ်လုပ်၊ နှလုံးကတဆတ်ဆတ်ခုန်လာသည်။ ဒေါ်မြနွယ်က အင်ဂျင်နီယာဘွဲ့ကိုရထားသူ၊ ဒီလောကထဲကို မျက်စိလည်လမ်းမှားပြီးရောက်လာခဲ့သူ၊ ဆယ်တန်းကို သင်္ချာဘာသာအမှတ်ပြည့်နှင့်အောင်မြင်ခဲ့ပြီး အတွက်အချက်ကောင်းလှသူ၊ တစ်ထွာပြရင် တစ်တောင်မက တစ်မိုင်မျှကြိုမြင်သူ၊ လက်ရှိဘဝစာမျက်နှာများမှာတော့ မင်နီတားခံရလောက်အောင် ညံ့ဖျင်းနေခဲ့ပြီလား။

"ကိုယ့်အခက်အခဲကိုယ်ပဲ သိတယ်၊ ကိုယ်နိုင်သလောက်ပဲကိုယ်လုပ်၊ ကိုယ့်မိသားစုထက် အရေးကြီးတာ ဘာမှမရှိဘူး၊ အလုပ်ခွင်မှာ မပျော်ရွှင်ရင် ဘယ်လောက်ပဲအရည်အချင်းရှိရှိ မအောင်မြင်နိုင်ဘူး။ ဆုံးဖြတ်ချက်ချပြီး ထွက်စာသာတင်လာခဲ့တော့၊ ဘာမှစိတ်ခံစားမနေနဲ့၊ ကိုယ်သေသွားရင် ဘယ်သူမှသနားမှာမဟုတ်သလို နှမြောနေကြမှာလည်းမဟုတ်ဘူး၊ ကိုယ့်မိသားစုပဲ မျက်နှာငယ်ပြီး ကျန်ရစ်ခဲ့ရမှာ Chest Pain ခဏခဏရနေတာ၊ ပေါ့မနေနဲ့"

ဟု ညီမငယ်ဆရာဝန်မကပြောတော့ ဆရာနန္ဒာသိန်းဇံရဲ့ စကားလုံးလေးတွေကို သတိရလိုက်မိသည်။ 'Form' နှင့် 'Function ' ပုံစံနှင့် လုပ်ဆောင်ချက် မကိုက်ညီသည့်အဖြစ်တွေ၊ ကေသရာဇာခြင်္သေ့မင်းက ကြွက်တွင်းနှိုက်နေသည့်ဥပမာတဲ့၊ ဒေါ်မြနွယ်က ကေသရာဇာခြင်္သေ့မင်းမဟုတ်သလို ဒီနေရာကလည်း ကြွက်တွင်း ခြတွင်း မဟုတ်ပါ။ သို့ပေမယ့် မနက်မိုးလင်းလို့ ရုံးကိုသွားရတော့မည်ဆိုသည်နှင့် နေလို့မကောင်းတော့ပြီ။ အန်ချင်သလိုလို၊ ချွေးစေးတွေပြန်၊ ခြေတွေလက်တွေ ကတုန်ကယင်နှင့် တစ်ကိုယ်လုံး မသယ်ချင်အောင်ဖြစ်လာသည်။ ဆီးချိုမျိုးရိုးကလည်း မရှိပါဘူး၊ ဒါဆိုသွေးထဲမှာ အချိုဓာတ်နည်းနေလို့များလားဆိုပြီး အထပ်ထပ် စစ်ဆေးအဖြေရှာလည်းမတွေ့။ Work phobia အလုပ်ကို ကြောက်ရွံ့ခြင်းများဖြစ်နေပြီလား၊ ရွှေမြို့တော်၏ နွေနေကပူပြင်းလို့လား အကြောင်းရှာမရ။

"Stress တွေကိုလျှော့ပါ"တဲ့ ပြောပြန်ပြီ။ နှလုံးဆရာဝန်ကြီးက ကိုယ်ချင်းမစာတတ်သူများလား၊ ဒေါ်မြနွယ်လို လူနာတွေကို နိစ္စဓူဝတွေ့နေရလို့ ရိုးနေတာလား။ ဒေါ်မြနွယ်တို့ဌာနမှာ တစ်နာရီလောက် လာထိုင်ကြည့်ပါလားဆရာလို့ ပြောကြည့်ချင်သည်။ ဒါလည်းမဖြစ်နိုင်၊ သူကသူ့နေရာမှာပဲ နှလုံးရောဂါဝေဒနာရှင်တွေကို ထိုင်ကုနေရမှာပဲဖြစ်သလို ကိုယ်ကလည်း ကိုယ့်အလုပ်ကိုလုပ်၊ အားလုံး ပိုနေမြဲ ကျားနေမြဲ။ တကယ်တော့ ဒေါ်မြနွယ်အသက်က ငါးထိပ်စီး နီးလာခဲ့ပြီ၊ ဘာမဟုတ်သည့် အနေအထားတွေနှင့် သေမသွားချင်သေးပါ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေအောက်က ရုန်းမထွက်နိုင်သေးသူမို့ နောင်သံသရာအတွက် ဘာမှအသင့်မဖြစ်သေးပါ။

ထိုစဉ် ဒေါ်မြနွယ်နားစည်ထဲဝယ် အသံတစ်သံက ကျယ်လောင်စွာ မြည်ဟည်းလာသည်။ "အဖိုးထိုက်တန်ပစ္စုပ္ပန်" ထိုစကားလုံးခုနစ်လုံးကို အာရုံပြုရင်း မျက်စိကို စုံမှိတ်ထားလိုက်မိသည်။ တစ်နေ့မှာ ဒေါ်မြနွယ်လေးစားရသော အစ်ကိုတစ်ယောက် ဖုန်းဆက်လာခဲ့သည်။ ဖုန်းထဲမှ ဒေါ်မြနွယ်အသံကို နားထောင်ပြီး "ညည်းအသံကြားရတာတစ်မျိုးပဲ နေမှကောင်းရဲ့လား၊ စိတ်ညစ်နေတာလား" မေးတော့ ဝမ်းနည်းပက်လက်နှင့် စကားပြန်မပြောနိုင်လောက်အောင် အမောဆို့နေခဲ့သည်။ ငိုချင်ရဲ့ လက်တို့ဖြင့် အလုပ်ခွင်မှအခြေအနေများကို နတ်သံနှော၍ ရှင်းပြရင်ဖွင့်နေမိသည်။

"ဟုတ်ပြီ၊ တော်ပြီ၊ ဆက်မပြောနဲ့တော့ မကြားချင်တော့ဘူး၊ အပူဟပ်တယ်။ ဘယ်နေရာ ဘယ်ဌာနမှာပဲဖြစ်ဖြစ် ဒီလိုပြဿနာ၊ အခက်အခဲ၊ အဆင်မပြေတာတွေဆိုတာရှိနေစမြဲပဲ။ ညည်းတို့ဌာန တစ်ကွက်စာလေးကြည့်ပြီး စိတ်ညစ်မနေနဲ့၊ ကိုယ့်ဘေးဘီဝဲယာကို ကြည့်လိုက်စမ်း၊ ဖွဲမီးလိုကြိတ်ပြီး လောင်တာရှိတယ်၊ တောမီးလို ပျံ့ပြီးလောင်တာရှိတယ်။ အနည်းနဲ့အများပဲ ကွာမယ်၊ ပဋိပက္ခတွေ၊ ထပ်တူမညီတာတွေ၊ ဝိရောဓိတွေဆိုတာ နေရာတိုင်းမှာ ရှိနေကြတာမို့ လောကဓံတရားဆိုတာ လူတိုင်းရင်ဆိုင်ကြရမှာပဲ။

"ယောနိသောမနသိကာရ၊ နှလုံးသွင်းမှန်ဖို့ပဲလိုတယ်၊ ကိုယ့်ပတ်ဝန်းကျင်ကမကောင်းတဲ့အချက်တွေပဲ မြင်တတ်နေရင် ဘယ်တော့မှ စိတ်ချမ်းသာမှာမဟုတ်ဘူး၊ ကောင်းတာကိုလည်းမယူနဲ့၊ ဆိုးတာကိုလည်းမယူနဲ့၊ မြင်သမျှကြားသမျှ လိုက်ခံစားနေရင် ကိုယ့်ရဲ့ပါဝါကျတယ်။"ပယောဂ သမ္ပတ္တိ"တဲ့ ကောင်းတာတွေကိုပဲ ဆောင်ကြဉ်းနေရင် မကောင်းတဲ့ အကုသိုလ်ဆိုတာ ဝင်မလာနိုင်တော့ဘူးပေါ့၊ ကဲပြောနေကြာတယ်။

"လိုက်ဆိုစမ်းကွယ်"

"ဒါန သီလာ နေက္ခမာ ပညာ ဝီရိယာ
ခန္တီ သစ္စံ အဓိဋ္ဌာန် မေတ္တံ ဥပေက္ခာ
ပါရမီဆယ်တန် အရင်းခံ မှတ်ရန် ဒသတာ"

ဆရာတော်ရဝေနွယ်(အင်းမ)ရဲ့ "မြင့်မြတ်သူတို့ရဲ့အလုပ်" ဆိုတဲ့ တရားစာအုပ်လေးက လမ်းပြပေးလို့ တစ်ဆင့်ပြန်ပြောပြနိုင်တာကွဲ့၊ စာအုပ်ပို့ပေးလိုက်ဦးမယ် သေချာဖတ်လိုက်၊ စိတ်တွေငြိမ်းချမ်းသွားမယ်"။

အမှန်ပင် ဒေါ်မြနွယ်စိတ်တွေ အေးချမ်းသွားရပြီဖြစ်သည်။ သြော် အသိနောက်ကျလေခြင်း။ ဒါနနဲ့ သီလကတော့ အထူးပြောစရာမလို၊ တတ်နိုင်သလောက် စေတနာသုံးတန်ပြဋ္ဌာန်းပြီး အလှူဒါနပြုဖြစ်သည်။ ငါးပါးသီလလုံရင် သီလပါရမီနှင့် ပြည့်စုံပြီဟုသိထားသော အသိထက်ပို၍ တစ်စုံတစ်ယောက်က မိမိကိုပြောဆိုဝေဖန်မဟုတ်မမှန်၊ ကဲ့ရဲ့ စွပ်စွဲလာခဲ့လျှင် ပြန်ပြီးလက်တုံ့မပြန်၊ ကြမ်းကြုတ်သည့်စကားကို ပြန်မပြောမိအောင် စောင့်ထိန်းနိုင်ခြင်းသည် သီလပါရမီဟုသိလိုက်ရပြန်တော့ ဒေါ်မြနွယ်တစ်ယောက် အထူးသတိပြု၍ လိုက်နာကျင့်ကြံရဦးမည်ဖြစ်သည်။

ကိုယ့်ဆီရောက်လာတဲ့ အကုသိုလ်တွေကို အထုပ်ပစ်ပြီး ရုန်းထွက်နိုင်ခြင်းက နေက္ခမပါရမီ၊ တာဝန်နဲ့ဝတ္တရားကိုသိတာ၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်တယ်ဆိုတာကို သိတာပညာပါရမီ၊ ဖွဲလုံ့လရှိရှိနဲ့ ဆောင်ရွက်တာက ဝီရိယပါရမီ၊ အလုပ်နဲ့ဆိုင်တဲ့အခက်အခဲပဲဖြစ်ဖြစ်၊ ပြင်ပက ဝေဖန်ခံရမှုနဲ့ပဲဖြစ်ဖြစ် ဖြစ်ပေါ်လာသမျှအားလုံးကို သည်းခံနိုင်တာက ခန္တီပါရမီ။

ဒီနေရာရောက်တော့ ဒေါ်မြနွယ် မညာချင်ပါ။ မနိုင်၍ သည်းခံခြင်းမဟုတ်သောခန္တီပါရမီ ဒေါ်မြနွယ်မှာ မပြည့်စုံပါ။ ကိုယ်ကမြင့်သူ၊ သူတို့က နိမ့်သူဟုသတ်မှတ်ပြီး ငါ့ကိုများ ဘာမှတ်လဲမသိ၊ ငါ့အကြောင်း ပြလိုက်ရမကောင်းဖြစ်ရော့မယ်၊ သည်းခံတယ်ဆိုတာ အတိုင်းအတာတစ်ခုပဲရှိတယ်ဆိုတာတွေနှင့် ခန္တီစက ဒေါ်မြနွယ်နှင့်အဝေးကြီးမှာရှိနေခဲ့သည်။ သတိထားပြီး သည်းခံစိတ်မွေးရမည်။ ပြောချင်ရာပြော၊ အော်ချင်ရာအော်၊ ရွဲ့ချင်ရာရွဲ့၊ ကွန်ပျူတာမှ ဒေါ်မြနွယ်မုန်းသော ဆူညံဆူညံသီချင်းများကို ကျယ်ကျယ်လောင်လောင်ဖွင့်လည်း ဖွင့်ကြတော့၊ ရုံးဖုန်းနှင့် တစ်နေကုန် ပြောလိုရာပြောကြတော့၊ သည်းခံတော့မည်။ တကယ်တော့ သူတို့ဆိုးကြတာမဟုတ်၊ မိမိနှင့်သဟဇာတမဖြစ်တာဘဲဖြစ်သည်။ သူတို့အရပ်နှင့်သူတို့ဇာတ် အဆင်ပြေနေတာ၊ ကိုယ်ဝင်လာမှ သူတို့ဇာတ်အဖွဲ့လေး ပျက်သွားရတာပဲဖြစ်မည်။ အရာရာကိုအပြစ်မြင်တတ်သော မိမိစိတ်ကိုပင် လျှော့ချပစ်ရမည်ဟု တွေးလိုက်တော့ စိတ်ကနည်းနည်းပေါ့သွားရသည်။

ဒေါ်မြနွယ်နေ့စဉ် သစ္စာပြုသည်။ မြတ်စွာဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိကြပါ၊ တရားတော်မှတစ်ပါး သံဃာတော်မှတစ်ပါး ကိုးကွယ်ရာမရှိပါ။ ဤမှန်သောသစ္စာစကားကြောင့်ဆိုပြီး ဆုတောင်းသည်။ အသက်ရှင်နေသရွေ့ ဘာသာသာသနာအကျိုးကို အရိုးကျေကျေ၊ အရေခန်းခန်း ထမ်းရွက်ပါမည်ဟု အဓိဋ္ဌာန်ပြုထားသည်။ နောက်ဆုံးမေတ္တာဥပေက္ခာနေရာရောက်တော့ ဒေါ်မြနွယ်တစ်ချက်တွေဝေသွားပြန်ပြီ။ လူတိုင်းကို တူညီသောမေတ္တာထားနိုင်ပါရဲ့လား။ မိခင်က သားငယ်ကိုချစ်သော အဖြူရောင်ချစ်ခြင်းမေတ္တာဖြင့် လူတိုင်းအပေါ် ဖြန့်ကြက်ဖူးပါရဲ့လား။

"တစ်နေ့ သုံးခါ၊ အိုး(၁၀၀)နှင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ လွန်ကျိုးများသည်၊ ဘုရားမြတ်စွာ၊ မိန့်ခွန်းတည်း"။ နို့တစ်ညှစ်စာ သုံးကြိမ်မေတ္တာပို့ဖို့ဆိုတာထက်၊ ကိုယ့်ကို လက်ညိုးငေါက်ငေါက်ထိုးဆိုပြီး စော်ကားမော်ကားပြောခဲ့သူကို ဘယ်လိုနည်း နှင့်မျှ မေတ္တာမပို့နိုင်ဘဲ၊ အကြိမ်ကြိမ်ကျရှုံးခဲ့ဖူးတာတွေ။ ဥပေက္ခာကျပြန်တော့ "သွားစမ်းပါ ဒီလောက်တောင်ရှိလှ ဂရုမစိုက်ရုံဘဲပေါ့" ဆိုသည့် ဒေါသဥပေက္ခာ နှင့်လျစ်လျူရှုခဲ့တာတွေက အများသားပင်။

ဘုရားဘုရား ခုနေရုတ်တရက်မတော်လို့ သေသွားခဲ့ရင် အောက်ဘုံမှာ သေချာနေရာရဦးမည်။ မြတ်စွာဘုရားရှင်က ဟောသည်၊ လူ့ဘဝဆိုတာဘဝပဒေသာတဲ့၊ အားလုံးကိုရနိုင်သည်။ လူ့ဘုံကနေ (၃၁)ဘုံကို အမျိုးမျိုးသွားနိုင်သည်၊ ကောင်းတာလုပ်ဖို့ထက်၊ လုပ်သမျှကောင်းဖို့လိုသည်။ ဒေါ်မြနွယ် အမြင်မှန်တွေရလာပြီ။ ပါရမီ (၁၀)ပါး ပေတံနှင့်တိုင်းပြီး အမြဲသတိရှိရတော့မည်ဟု ဆုံးဖြတ်ချက်ပိုင်ပိုင်ချလိုက်ပြီ။ အလုပ်ခွင်မှာမပျော်ရွှင်ခြင်းကလည်း လောကဓံတရားထဲမှာ ပါသည်မို့ လောကဓံနှင့်တွေ့လျှင် မတုန်လှုပ်ဖို့ " ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿန ကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ ဧတံမင်္ဂလ မုတ္တမံ " ဟု နှုတ်မှ အဖန်ဖန်တလဲလဲ ရွတ်ဆိုနေမိသည်။

တကယ်တော့ ဒေါ်မြနွယ် ကမ္ဘာကကျဉ်းကျဉ်းလေးသာဖြစ်သည်။ မိမိကမ္ဘာအပြင်ဘက်ကို မျှော်ကြည့်လိုက်တော့မှ၊ ကြီးစွာသော ပဋိပက္ခတွေကို တွေ့ရပြန်သည်။ ကိုယ့်အဝန်းအဝိုင်းကျဉ်းကျဉ်းလေးထဲကတောင် ရုန်းမထွက်နိုင်၊ ကိုယ့်စိတ်ကိုပင် မဆုံးမနိုင်ဘဲ သခွတ်ပင်က မီးတကျီကျီလုပ်မနေလိုတော့ပြီ။ အရင်ဆုံး မိမိစိတ်ကို ငြိမ်းအေးအောင်တည်ဆောက်ရမည်။ ထို့နောက် မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ အလွှာအသီးသီး၊ ဌာနအသီးသီးမှ လူသားအားလုံးအေးချမ်းပျော်ရွှင်ပါမှ၊ ထိုသူတို့၏ အလုပ်ခွင်ဘဝတွေ သာယာပျော်ရွှင်ပါမှ တိုင်းပြည်တိုးတက်ကြီးပွားမည်။ ဒေါ်မြနွယ် နိုင်ငံနှင့်ချီပြီး စကားကြီးစကားကျယ်တွေမပြောချင်ပါ။ အရာရာတိုင်းအတွက် ကံ၊ သည်းခံခြင်းနှင့် မေတ္တာတရားသည်သာ အရေးကြီးဆုံးဆိုတာပဲ ပြောချင်သည်။ ကိုယ့်ကိုချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ၊ 'ငါ' ဆိုတာမရှိ။ ခန္ဓာကြီးက ဘာမှမဟုတ်သည့် ဒုက္ခကောင်ကြီးပါလားဟု သိမှတ်ပွားများစဉ် လောဘ ဒေါသမာန်မာနတွေက မိမိကိုယ်မှ ဖယ်ခွာသွားကြပြီ။ အရာရာအေးချမ်းသွားရပြီမို့ ဒေါ်မြနွယ် စိတ်မညစ်တော့ပြီ။

ဘာပဲပြောပြော အဖိုးထိုက်တန်ပစ္စုပ္ပန်မှာ တစ်နေ့တစ်ရက် တစ်မနက် တစ်နာရီ ဘယ်လောက်ပဲနေရနေရ မြတ်အောင်ကြိုးစားရမည်။ အကြောင်းကြောင့်အကျိုးတွေဖြစ်ရတာ။ သံသရာအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့ကြဖူးသူတွေချည်းပါပဲဟု ကိုယ့်စိတ်ကို လျှော့ချလိုက်တော့ Chest Pain လည်း လျော့သွားရပြီ၊ 'ရှာပေဦးတော့ ထမင်းထုပ်ကြီးနဲ့' ဆိုသည့် သီချင်းထဲကလို ဘယ်မှ လိုက်ရှာစရာမလို။ ကိုယ့်ခန္ဓာထဲမှာ သိမ်ဆည်းထုပ်ပိုးထားသည့် အတ္တနှင့်မာနများကို လုံးဝခွာချလိုက်ရုံသာဖြစ်သည်။ ပါရမီ ၁၀ ပါး ပေတံက ဒေါ်မြနွယ် လက်ထဲမှာ အမြဲကိုင်ဆောင်ထားလိုက်ပြီ။

အဲသည့်နောက်မှာတော့ အဖိုးထိုက်တန် ပစ္စုပ္ပန်မှာ ကမ္ဘာသူ ကမ္ဘာသားအားလုံး သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ ကိုယ်ချင်းစာလျက် သဒ္ဓါကြည်ဖြူကူညီစောင်မနိုင်ကြပါစေဟူသော ဒေါ်မြနွယ်ဖခင်ကြီး အမြဲရွတ်ဆိုလေ့ရှိသော ဆုတောင်းစကားလေးကို ရွတ်ဆိုရင်း ဒေါ်မြနွယ်တစ်ယောက် နှလုံးစိတ်ဝမ်းအေးချမ်းစွာဖြင့် အလုပ်ခွင်ရှိရာသို့ ချီတက်သွားနေပြီဖြစ်ပါတော့သည်။ ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ဦးဆောင်သော အိန္ဒိယလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ ဦးဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပါတီပေါင်းစုံ၊ ကိုးကွယ်သည့်ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် လွှတ်တော်နှစ်ရပ် ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်အစည်းအဝေးများ ကျင်းပဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံလွှတ်တော်၏ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး IT နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်အချင်းချင်း လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယသမ္မတနိုင်ငံ၏ ရင့်ကျက်သော လွှတ်တော် အတွေ့အကြုံများအား လေ့လာရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆန္ဒအခြေခံသည့် အကြံပြုချက်များကို အလေးအနက်ထား၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း(မူကြမ်း)၏ကျန်းမာရေးကဏ္ဍကို ပြန်လည်ရေးဆွဲရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့တွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Honourable Smt.Meira Kumar ခေါင်းဆောင်သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဆိုပြုလာသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့အား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးမှပေးပို့သော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ရွှေလင်းစွဲကျေးရွာအုပ်စုမှ ဂေါင်းကွဲကျေးရွာအား အောင်သုခကျေးရွာအဖြစ် အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ **ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ကအဆိုတင်သွင်းပြီး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ထောက်ခံဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးတို့က ဆွေးနွေးကြသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းက လာမည့်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် ဒီမိုကရေစီနိုင်ငံတော်နှင့် လိုက်လျောညီထွေသော ကျန်းမာရေးစနစ်ကောင်းတစ်ရပ်ပေါ်ထွန်းနိုင်ရန်နှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးကို ရည်မျှော်၍ချမှတ်ထားသော ကျန်းမာရေးမူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်သူ့ကိုယ်စားလှယ်များ၏ ပြည်သူ့ဆန္ဒအခြေခံသည့် အကြံပြုချက်များကို အလေးအနက်ထားဖြည့်စွက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း(မူကြမ်း)၏ ကျန်းမာရေးကဏ္ဍကို ပြန်လည်မွမ်းမံရေးဆွဲရန် လိုအပ်ကြောင်းကို စိစစ်တွေ့ရှိရကြောင်း ဆွေးနွေးသည်။

အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက ယခုအချိန်အခါတွင် လေယာဉ်နှင့် ရေယာဉ်များ မတော်တဆထိခိုက်မှုများ မကြာခဏဖြစ်ပွားသည်ကို တွေ့ရှိရပါကြောင်း၊ လေယာဉ်နှင့် ရေယာဉ်များ၏ကြံ့ခိုင်ကောင်းမွန်မှု၊ ခရီးသည်များ ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရန်အတွက် အသက်ကယ်အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိရေး၊ ရေယာဉ်များတွင် သတ်မှတ်ကုန်ချိန်နှင့် သတ်မှတ် ခရီးသည်ဦးရေကိုသာ တင်ဆောင်ရေး စည်းကမ်းများ လိုက်နာစေရန် စနစ်တကျကြီးကြပ်ဆောင်ရွက်သင့်ပါကြောင်း၊ ရထားပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းစဉ်တွင် နိုင်ငံတစ်ဝန်း ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းအပြင် ဘူတာရုံများ အဆင့်မြှင့်တင်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရထားစက်ခေါင်းနှင့် လူစီးတွဲ၊ ကုန်တင်တွဲများ ကြံ့ခိုင်ကောင်းမွန်ရေးတို့ကိုလည်း အလေးပေးဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းအား လုပ်ငန်းစဉ်အဖြစ် ထည့်သွင်းဖော်ပြသင့်ကြောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍတွင် ကျေးလက်ဒေသများမကျန် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်အောင် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ယနေ့နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့်စနစ်နှင့်အညီ နိုင်ငံအတွင်းတွင်ရှိသော လမ်းတံတားများ၊ အာဆီယံအဆင့်မီ လမ်းများဖြစ်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေက "နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲထားတယ်လို့ ထင်မြင်ယူဆပါတယ်။ ပြည်နယ်က တိုင်းရင်းသား ပြည်သူတွေအနေနဲ့ ကြည့်ရင်တော့ မလုံလောက်သေးဘူးလို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပြည်နယ်တွေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေဟာ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဒဏ်တွေကို ခံခဲ့ကြရပါတယ်။ တစ်တိုင်းတစ်ပြည်လုံးရဲ့ အတိုင်းအတာနဲ့ အချိုးညီညီဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ နယ်စပ်ဒေသတွေကို ဖွံ့ဖြိုးအောင် ပိုလုပ်ပေးဖို့ လိုပါတယ်။ ယနေ့ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းပြည်ကို အတိုင်းအတာတစ်ခုအထိ အေးချမ်းအောင် လုပ်ပေးနိုင်ပြီလို့ ပြောနိုင်ပါတယ်။ ဒီထက် ပိုမိုကောင်းမွန်တဲ့ အေးချမ်းသာယာတဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပြသွားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က သုံးသပ်ပြောကြားရာတွင် "၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းဟာ နိုင်ငံတော်အတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဆောင်ရွက်မယ့်လုပ်ငန်းများရဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ကျန်တဲ့ရေးရာ ကဏ္ဍအသီးသီးဟာလည်း အရေးကြီးတာမှန်သော်လည်း ပကတိလက်ရှိအခြေအနေမှာ ပြည်သူတို့အတွက် စားဝတ်နေရေးဟာ အဓိကလက်တွေ့ အရေးကြီးဆုံးဖြစ်နေကြောင်း တွေ့ရပါတယ်။ ပကတိအခြေအနေပေါ်မှာ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် နိုင်ငံတော်မှ စားနပ်ရိက္ခာဖူလုံမှုကိုလည်း ဆောင်ရွက်နေတာ တွေ့ရပါတယ်။ နိုင်ငံခြားကို ဆန်စပါး တင်ပို့ရာမှာ ပြည်တွင်းစားသုံးမှုဖူလုံမှုပိုဖို့ လိုအပ်သလို ဆန်စပါးအထွက်တိုးဖို့လည်း နိုင်ငံတော်မှ လယ်သမားများအတွက် လိုအပ်တဲ့ပံ့ပိုးပစ္စည်းနဲ့ ကာကွယ်ရန်၊ ဆောင်ရွက်ရန်တို့ကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ငွေကိုလည်း သုံးပေးရမှာဖြစ်ပါတယ်။ ထို့အတူ နေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုကိုလည်း ကြိုဆိုပါတယ်။ မြေယာဖော်ထုတ်မှုနဲ့ တန်ဖိုးနည်းအိမ်ရာ လုံလောက်စွာ ဆောက်လုပ်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။ သို့မဟုတ် မရှိနွမ်းပါးသူများအတွက် အငှားဖြင့်ဖြစ်စေ နေနိုင်သောအိမ်ရာ အငှားများ စီစဉ်ပေးနိုင်လျှင်လည်း ကောင်းပါတယ်။

အထူးသဖြင့် လယ်မြေအသစ်များ ဖော်ထုတ်ရန်အတွက် ငွေကြေးပိုမိုသုံးစွဲရန်၊ ကျန်းမာရေးနဲ့ပညာရေးအတွက် ဝန်ထမ်းများ၊ ကျောင်းများ၊ ဆေးရုံများ လုံလောက်စေရန်အတွက် အသုံးစရိတ် ပိုမိုသတ်မှတ်ပေးနိုင်ရန်၊ နေရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်နိုင်ရန်လည်း ငွေကြေးပိုမိုသုံးစွဲခွင့်ပြုရန်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် နည်းပညာနှင့် အသုံးစရိတ်များတိုးမြှင့်ပေးရန် လိုအပ်မှာဖြစ်ပါတယ်"ဟု ပြောပြသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားပြီး အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရိုင်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လေ့ကျင့်ဌာန၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့်တရားသူကြီးများအား တရားစီရင်ရေးရာနှင့် တရားရုံးစီမံခန့်ခွဲရေးရာလုပ်ငန်းများတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်မျှတသောအဆုံးအဖြတ်များ ပြုနိုင်ရန်၊ အရည်အချင်းပြည့်ဝပြီး တရားစီရင်ရေးလုပ်ငန်းများကို ကျွမ်းကျင်နိုင်နင်းစွာ ဆောင်ရွက်နိုင်သူများဖြစ်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့် တရားရုံးများသည် အခြေခံကျသည့် မြို့နယ်တရားရုံးများအပေါ် အနီးကပ်တာဝန်ခံ ကြီးကြပ်ရသည့်အတွက် အလွန်အရေးပါကြောင်း၊ တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးကို အထောက်အကူပြုရမည်ဖြစ်သည့်အတွက် တရားစီရင်ရေးကို တာဝန်ယူနေရသည့် တရားသူကြီးများအနေဖြင့် သဘောတရား မိမိ၊ တာဝန်သိသိ၊ သိက္ခာရှိရှိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုမည့် တရားသူကြီးကောင်းများဖြစ်အောင် သင်တန်းကပို့ချလိုက်သောဘာသာရပ်များကို အလေးထားမှတ်သားကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ငြိမ်းချမ်းရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်တွင် ကျင်းပသည့် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ယနေ့ည ၇ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှင်ရယ်ကုမုဒြာ ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ငြိမ်းချမ်းရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများနှင့် Myanmar Peace Center မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီးဖြစ်ကြောင်း၊ ယခုထပ်မံ၍ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်ရင်း ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းဖြစ်ကြောင်း၊ မိမိတို့တစ်တွေသည် အကြောင်းအမျိုးမျိုးကြောင့် အနေဝေးပြီး သူစိမ်းတွေလို ဖြစ်နေပါကြောင်း၊ ဘယ်လိုအကြောင်းနဲ့ပင်ဖြစ်ဖြစ် မကြာမကြာတွေ့ဆုံလျှင် ခင်မင်ရင်းနှီးမှုများ တိုးပွားလာကာ ဘာပဲလုပ်လုပ် အဆင်ပြေအောင်မြင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေး၊ ဖော်ဆောင်ရေးကော်မတီနှင့် မကြာခဏတွေ့ဆုံပြီး ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ ကျော်ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများကြောင့် နိုင်ငံရေး၊ စီးပွားရေး နောက်ကျကျန်ခဲ့ပါကြောင်း၊ နိုင်ငံရေးအနေဖြင့် နိုင်ငံတကာတွင် မျက်နှာငယ်ရပြီး စီးပွားရေးအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် အများကြီးနောက်ကျနေပါကြောင်း၊ ယခုလိုဖြစ်ရခြင်းမှာ ငြိမ်းချမ်းရေးမရရှိသောကြောင့် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ နောက်ကျ ကျန်နေမည်ဖြစ်သောကြောင့် တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးစားကြရန် အထူးလိုအပ်ပါကြောင်း ဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ နိုင်ငံတော်သမ္မတ ကိုယ်စားပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်ထောင်စုဝန်ကြီးများက တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့ အစည်းမှ တာဝန်ရှိသူများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အခမ်းအနားသို့တက်ရောက်လာသူ

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒု ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသေ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသိန်းဇော်တို့သည် နေပြည်တော်၌ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ Myanmar Peace Center မှအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ ဖြစ်ကြသော ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DK-BA)၊ချင်းအမျိုးသားတပ်ဦး (CNF)၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN(K)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA) နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ/ ရှမ်းပြည် တပ်မတော် (SSPP/SSA)တို့မှ

ရောဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကမ္ဘာပေါ်တွင် မိမိနိုင်ငံ၌ရေမရှိ၍ အခြားနိုင်ငံများမှ ရေကိုဝယ်ယူပြီး မြစ်ချောင်းများပြုလုပ်ရသည့် နိုင်ငံများစွာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်းစသည့် မြစ်များမှ ပင်လယ်ပြင်သို့ နှစ်စဉ်ပျမ်းမျှစီးဆင်းသွားသော ရေထုပမာဏမှာ မြန်မာနိုင်ငံ ဧရိယာတစ်ခုလုံးတွင် ရှစ်ပေထုခန့် ပမာဏရှိပြီး အဆိုပါ စီးဝင်သွားသော ရေချိုများကို စနစ်တကျ သိုလှောင်ထိန်းသိမ်းအသုံးပြုမည်ဆိုပါက လယ်ယာကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍရပ်များ၊ သစ်တောနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်မြောက်နိုင်စွမ်းလေ့လာမှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ၏ အကျိုးဆက်အဖြစ် သားစဉ်မြေးဆက် အခွင့်အရေးကောင်းများ ဖြစ်ပေါ်တိုးတက်ခံစားရရှိနိုင်မည် ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာများတွင် ပိုမိုတိုးတက်လာစေမည့် အပြင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့် အကျိုးဆက်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ရက်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ ကျင်းပသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် SBE nv Engineering Co., Ltd.တို့အကြား ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖြစ်မြောက်နိုင်စွမ်းလေ့လာဆောင်ရွက်ရန် နားလည်မှုမှတ်တမ်းလက်မှတ်ရေးထိုးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရေလမ်းကြောင်း၊ ကျပ်တည်းမှုများ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းသည် သဘာဝဖြစ်စဉ်များနှင့် လူများ၏ ဖန်တီးမှုကြောင့်ပင်ဖြစ်ကြောင်း၊ ရေကြောင်း ပို့ဆောင်ရေးအတွက် အကန့်အသတ်ဖြစ်စေသည့် အခက်အခဲများကို ကျော်လွှားနိုင်စေရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြစ်ကြောင်း ပြုပြင်နည်းစနစ် (River Bed Regulation) ကို အခြေခံကာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဧရာဝတီမြစ်ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုသည် အရေးကြီးသော လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကာ လေ့လာမှုမှ ဖြစ်ပေါ်လာမည့် ရလဒ်များကို အခြေခံ၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကဏ္ဍ တစ်ခေတ်ဆန်းလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဘယ်လ်ဂျီယံနိုင်ငံ SBE nv Engineering Co., Ltd. မှ Project Leader Mr. Keon Thomas နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးတို့က ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဘယ်လ်ဂျီယံနိုင်ငံ SBE nv Engineering Co.,Ltd. တို့အကြား နားလည်မှုစာချွန်လွှာကို နှစ်ဖက်တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီးက ဘယ်လ်ဂျီယံနိုင်ငံ SBE nv Engineering Co., Ltd. သို့ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကို ပေးအပ်ခဲ့သည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တိုင်းတာ လေ့လာချက်များအရ ဧရာဝတီမြစ် တစ်လျှောက်တွင် ရေနည်းချိန် ရေကြောင်းကျပ်တည်းသည့်နေရာ (၃၇) နေရာရှိကြောင်း၊ ပြုပြင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာတွင် လက်ရှိအသုံးပြုဆောင်ရွက်နေသည့် မြစ်ကြမ်းပြင်ပြုပြင်ထိန်းသိမ်းခြင်း နည်းစနစ်ကို နည်းပညာပိုင်းပိုမို မြင့်မားပြီး အကျိုးသက်ရောက်မှု ပိုမိုသည့် မျက်နှာပြင် ထိန်းချုပ်သောစနစ်ကို အသုံးပြုခြင်းဖြင့် မြစ်များကို ပိုမို၍ တန်ဖိုးရှိစွာ သုံးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေအရ ရေနည်းရာသီကာလတွင် ဧရာဝတီမြစ် အထက်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ရေကြောင်းရေလမ်း ကျပ်တည်းမှုများဖြစ်ပေါ်လေ့ရှိကာ ရေယာဉ်နှင့် ကုန်စည်များ သွားလာပို့ဆောင်ရာတွင် နှောင့်နှေးမှုများ ကြုံတွေ့ရတတ်ကြောင်း၊ ယင်းသို့ နှောင့်နှေးမှုများသည် ဒေသတွင်းစီးပွားရေးနှင့် ကုန်သွယ်ရေးကို အနည်းနှင့်အများ တုံ့ဆိုင်း နှေးကွေးစေပါကြောင်း၊ ကုန်စည်ပို့ဆောင်သည့် နည်းစနစ်များအနက် ရေကြောင်းပို့ဆောင်ရေးသည် ကုန်ကျစရိတ်အသက်အသာဆုံး နည်းလမ်းဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး ပို့ဆောင်ရေးစနစ်လည်း ဖြစ်သည့်အတွက် ရေကြောင်းရေလမ်းများ ကောင်းမွန်ရေး၊ နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးစသည့် အခန်းကဏ္ဍများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါလျက်ရှိသည်။

(သတင်းစဉ်)

သဖန်းရွာအထည်ချုပ်လုပ်ငန်း မီးထိန်ထိန်လင်းပြီ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂ ရက်တွင် ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာသို့ သွားရောက်ပြီး စက်ချုပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားလာရေး၊ ဈေးကွက်ပိုမိုရရှိလာစေရေး၊ စက်ချုပ်လုပ်သားများ၏ လူမှုစီးပွားဘဝမြင့်တင်နိုင်ရေးအတွက် စက်ချုပ်လုပ်ငန်းရှင်များနှင့် စက်ချုပ်အလုပ်သမားများကို အခြေခံစက်ချုပ်လုပ်ငန်း သမဝါယမအသင်းဖွဲ့စည်းပြီး လုပ်ငန်းရှင် တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၅၀ ဦးအား ငွေကျပ်သိန်း ၇၅၀၊ စက်ချုပ်လုပ်သား တစ်ဦးလျှင် အသေးစားချေးငွေကျပ် ၅ သောင်းနှုန်းဖြင့် ၃၀၀ ဦးအား ကျပ်သိန်း ၁၅၀ စုစုပေါင်း ထုတ်ချေးငွေကျပ်သိန်း ၉၀၀ အား ပံ့ပိုးခဲ့သည်။

သဖန်းကျေးရွာတွင် အိမ်ခြေ ၈၀၀ ခန့်ရှိပြီး စက်ချုပ်လုပ်ငန်းရှင် ၅၀ ကျော်၊ စက်ချုပ်လုပ်သား ၄၀၀ ကျော်ရှိပြီ အနွေးထည်အမျိုးမျိုး၊ အားကစားဝတ်စုံနှင့် ကျား/မ အင်္ကျီ အမျိုးမျိုးချုပ်လုပ်ကာ အိန္ဒိယသို့ တင်ပို့ရောင်းချလျက်ရှိသည်။

သဖန်းကျေးရွာတွင် လျှပ်စစ်မီးလိုင်းနှင့် ထရန်စဖော်မာ တည်ဆောက်ပြီးဖြစ်သော်လည်း မီတာဘောက်မရှိသေးသဖြင့် လျှပ်စစ်မီး မရရှိသေးဘဲဖြစ်နေရာ စက်ချုပ်လုပ်ငန်းများတိုးချဲ့နိုင်ရေး၊ လုပ်ငန်းလျင်မြန်ပြီး ထုတ်ကုန်အရည်အသွေး တိုးမြင့်လာရေး၊ ကုန်ထုတ်ဈေးနှုန်းလျော့ကျပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာရေးအတွက် လျှပ်စစ်စွမ်းအား အမြန်ရရှိ အသုံးပြုနိုင်ရန် ပြည်ထောင်စုဝန်ကြီး၏ ပံ့ပိုးတင်ပြမှု၊ နိုင်ငံတော်သမ္မတ၏ စီမံ လမ်းညွှန်မှုဖြင့် လျှပ်စစ်ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် မီတာဘောက် ၁၄၈ လုံးကို တပ်ဆင်ပေးခဲ့ရာ ယခုအခါ သဖန်းရွာအထည်ချုပ်လုပ်ငန်းများမှာ လျှပ်စစ်စွမ်းအားဖြင့် အထည်ချုပ်ထုတ်လုပ်မှုကို တိုးတက် ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှိုင်ရယ်ကုမုဒြာဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

...ဒုတိယသမ္မတနှင့် ...တက်ရောက်လာသူများသည် ညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။ (သတင်းစဉ်)

...ကော်မတီဒုတိယဥက္ကဋ္ဌများ ...က်ခဲ့ကြသော ...များနှင့် တွေ့ဆုံ

...မတော် (DK- ...တပ်ဦး (CNF)၊ ...လစ်ကောင်စီ ...ခိုဝ်းအမျိုးသား ...ချုပ် (PNLO)၊ ...NMSP)၊ ရှမ်း ...ထူထောင်ရေး ...တပ်မတော် ...င့် ရှမ်းပြည် ...ရှမ်းပြည် ...PP/SSA)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှု အခြေအနေများ၊ KIO အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှုနှင့် အလားအလာကောင်းများ ရရှိနေမှု အခြေအနေများ၊ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...င်းပြီ

...၊ လုပ်ငန်းလျင် ...အရည်အသွေး ...ထုတ်စျေးနှုန်း ...နိုင်စွမ်းမြင့်မား ...ချပ်စစ်စွမ်းအား ...အသုံးပြုနိုင်ရန် ...၏ ပံ့ပိုးတင်ပြ ...၏ စီမံ လမ်း ...ဝန်ကြီးဌာနက ...က်တွင် မီတာ ...ကို တပ်ဆင် ...ဖန်းရှာအထည် ...လျှပ်စစ်စွမ်း ...ထုတ်လုပ်မှုကို ...ရွက်လာနိုင်ပြီ ...ရရှိသည်။ (သတင်းစဉ်)

...စရိတ်အသက် ...မ်းဖြစ်သကဲ့သို့ ...လည်း သဘာဝ ...က်မှုအနည်းဆုံး ...ည်း ဖြစ်သည့် ...င်းရေလမ်းများ ...င်ငံတစ်ဝန်းလုံး ...လုံလောက်စွာ ...၌ အခန်းကဏ္ဍ ...ဖြိုးရေးအတွက် ...၌။ (သတင်းစဉ်)

လက်နက်ကိုင်အဖွဲ့အစည်း (၁၁) ဖွဲ့အနက် (၁၀) ဖွဲ့မှာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီမှုရရှိပြီးဖြစ် ကေအိုင်အေတစ်ဖွဲ့သာ အကြောင်းအမျိုးမျိုးဖြင့် ကျန်ရှိရာ ကေအိုင်အေအနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးရယူလိုပါက အချိန်မရွေး လာရောက်တွေ့ဆုံဆွေးနွေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းသည် တိုင်းပြည်၏ အချုပ်အခြာအာဏာကို မထိပါးအောင်ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပအန္တရာယ်၊ ပြည်တွင်းရောင်စုံသောင်းကျန်းမှု အန္တရာယ်များကို တပ်မတော်မှပင် အသက်သွေးချွေးမြောက်မြားစွာ စွန့်လွှတ်၍ကာကွယ်ပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်သုံးရပ်ပြည့်စုံပြီး အရည်အချင်း ပြည့်ဝသော တပ်မတော်ဖြစ်အောင်နှင့် ပြည်သူက တပ်မတော်အပေါ် ယုံကြည်ကိုးစားသော တပ်မတော်အဖြစ် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

တပ်မတော်သည် အရေးကြုံလာတိုင်း ပြည်သူ့ဘက်မှ အမြဲရပ်တည်၍ ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ စစ်ပညာရပ်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသဖြင့် စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေရန် လိုအပ်သလို တတ်မြောက်ပြီးသား စစ်ပညာရပ်များကိုလည်း အမြဲကျွမ်းကျင်အောင် လေ့ကျင့်ပြီး လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးချသွားရန်လိုကြောင်း၊ နည်းပညာ မြင့်မားလာသည်နှင့်အမျှ အတန်းပညာပါ မြင့်မားရန်လိုအပ်မည်ဖြစ်၍ တပ်မတော်သားများ ပညာရည် မြင့်မားရေးအတွက် ၎င်းတို့ဉာဏ်ရည်ရှိသလောက် ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ တပ်မတော်ထဲတွင် ပျော်ပျော်ရွှင်ရွှင်ဖြင့် နေထိုင်နိုင်အောင်အတွက် သက်သာချောင်ချိရေးများ ဆောင်ရွက်ပေးရာတွင် အထက်မှ ဆောင်ရွက်ပေးသောအပိုင်းနှင့် လက်အောက်မှ ဆောင်ရွက်ရန်ဟူ၍ နှစ်ပိုင်းရှိသဖြင့် ကျရာတာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား မူလတာဝန်မပျက်ဘဲ မိသားစုများ၏ စားသောက်ရေးအား အထောက်အကူဖြစ်အောင် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး လွတ်လပ်ရေးရပြီးချိန်မှစ၍ အယူဝါဒ၊ တိုင်းရင်းသားရေး၊ ဘာသာရေးပေါ်မူတည်၍ ပဋိပက္ခများဖြစ်ပွားခဲ့ရာတပ်မတော်အနေဖြင့် တိုင်းပြည်ကို လက်နက်စွဲကိုင်တိုက်ခိုက်သော သောင်းကျန်းသူများအား တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်သော အကြမ်းဖက်လုပ်ရပ်များကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများအား တိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ ယခုအခါ ဒီမိုကရေစီလမ်းကြောင်းပေါ် သွားနေကြပြီဖြစ်၍ အယူဝါဒများ ကွဲပြားစရာမရှိတော့ဘဲ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားရန်သာ လိုကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်ရှိအောင် တပ်မတော်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ရယူထားခြင်းသည် အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေး ရယူထားခြင်းသာဖြစ်၍ ဥပဒေဘောင်အတွင်း အပြည့်အဝဝင်ရောက်လာအောင်၊ ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀) ဖွဲ့မှာ ဒုတိယအဆင့်ဖြစ်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိပြီးဖြစ်ကြောင်း၊ ကေအိုင်အေတစ်ဖွဲ့သာ အကြောင်းအမျိုးမျိုးဖြင့် ကျန်ရှိရာ ကေအိုင်အေအနေဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုပါက အချိန်မရွေးလာရောက်တွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ဖိတ်လည်း ဖိတ်ခေါ်ပါကြောင်း၊ ပြည်ထောင်စုအားလုံး စည်းစည်းလုံးလုံးနှင့်ဖြစ်စေလိုကြောင်း၊ ငြိမ်းချမ်းရေးရပြီး ဒေသများတွင် ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာများအား ဖြည့်ဆည်းပေးနိုင်ရန် တပ်မတော်မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ စေလွှတ်၍ တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုထဲမှ ပေါက်ဖွားလာသော တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု တပ်မတော်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထိထိရောက်ရောက် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တပ်မတော်မှ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများအား မှန်မှန်ကန်ကန်အသိတရားရှိရှိဖြင့် လေးစားလိုက်နာကြရန် လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ကျောင်း ခန်းမ၌ပြုလုပ်သော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများနှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်နယ်ခြောက်ခုမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ်အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်သူရသက်ဆွေနှင့် ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေရှိတပ်နယ် ခြောက်ခုမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

နိုင်ငံ၏ရေမြေသဘာဝ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခြားသိလိုသမျှအား ရှင်းပြရခြင်း၊ နိုင်ငံခြားသား ခရီးသွားများ၏နေထိုင်ရေးနှင့် အခြားအမျိုးမျိုးသော အခြေအနေများ၊ ပြဿနာများအား ကူညီဖြေရှင်းပေးရခြင်းစသည့် ကျွမ်းကျင်မှုများဖြင့် ဧည့်လမ်းညွှန်ဘာသာရပ်အားလူငယ်များအကြားတွင် ရေပန်းစားလျက်ရှိကာ ကျွမ်းကျင်တတ်မြောက်သည့် ဧည့်လမ်းညွှန်တစ်ဦး၏ တစ်လတာဝင်ငွေမှာ ပြီးခဲ့သည့် သုံးနှစ်တာ ကာလခန့်က ငွေကျပ်သုံးသိန်းမှ ငွေကျပ်ငါးသိန်းကြား ရရှိခဲ့သော်လည်း ယခုအချိန်တွင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့်အထိပင် ရရှိတတ်ကြကြောင်း အဆိုပါအသိုင်းအဝိုင်းမှ သိရှိရသည်။ "ဘာသာစကားတတ်ကျွမ်းရုံနဲ့မလုံလောက်သလို မိမိတို့လူမျိုး၊ တိုင်းပြည်နဲ့ ယဉ်ကျေးမှုကို အမှန်တကယ် သဘောပေါက်လာအောင် ပြောရ ရှင်းပြရတာမလွယ်ပါဘူး။ အခုနောက်ပိုင်းမှ စီးပွားရေးအတွက် လေ့လာဖို့လာကြတဲ့ ခရီးသွားတွေများလာတဲ့အတွက် သူတို့တွေရဲ့ သိလိုသမျှကို ပြောပြနိုင်ဖို့အတွက် အများကြီးပြင်ဆင်ထားကြရတယ်" ဟု ဧည့်လမ်းညွှန် ကိုဇင်မျိုးခန့်က ပြောပြသည်။ လက်ရှိတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တရားဝင်လိုင်စင်ရ ဧည့်လမ်းညွှန်အရေအတွက်မှာ ၃၃၀၀ ကျော်ခန့်ရှိနေပြီး ယခုထပ်မံ၍ ဒေသခံဧည့်လမ်းညွှန်များ ထွက်ပေါ်လာရေးအတွက် အခြေခံသင်တန်းများအား ခရီးသွားများဝင်ရောက်မှုများသည့် ဒေသများအတွင်း ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း သိရသည်။

မီးဘေးကာကွယ်ရေးကြိုတင်လေ့ကျင့်

မိတ္ထီလာ ဖေဖော်ဝါရီ ၁၃

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ညအချိန် မီးလောင်မှုဖြစ်ပွားပါက တာဝန်ကျ စျေးဝန်ထမ်းများ၊ အလှည့်ကျ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဈေးအတွင်းရှိ မီးသတ်စက်များ၊ ဂါလန် ၇၂၀၀ ဆံ့ မီးသတ်ရေစင်၊ ရေလှောင်ကန်များ၊ ဆိုင်ခန်းအလိုက်ထားရှိသည့် ရေပုံးများ၊ မီးငြိမ်းသတ်ပစ္စည်းကိရိယာများ၊ အဖွဲ့ပိုင်မီးသတ်ရေယာဉ်၊ ရေသယ်ယာဉ်များသုံးစွဲလျက် လက်တွေ့ကျကျ မီးငြိမ်းသတ်နိုင်ရေး လေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီတွင် ကြိုတင်သရုပ်ပြလေ့ကျင့်ခဲ့ရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်၊ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဆန်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ဗဟိုအကျဉ်းထောင် (အင်းစိန်) ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana သည် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ဗဟိုအကျဉ်းထောင် (အင်းစိန်)သို့ သွားရောက်ပြီး အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းသည်။

ထို့နောက် Mr. Tomas Ojea Quintana သည် အကျဉ်းသားများနှင့်လွတ်လွတ်လပ်လပ် တွေ့ဆုံမေးမြန်းပြီး ဗဟိုအကျဉ်းထောင် (အင်းစိန်) အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ **(အပေါ်ပုံ)**

Mr. Tomas Ojea Quintana သည် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ပြည်လမ်းရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးသို့ သွားရောက်ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အတွင်းရေးမှူး ဦးစစ်မြိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ညို၊ ဦးလှမြင့်၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးလဖိုင်ဇော်ငွန်းနှင့် ဦးခင်မောင်လေးတို့အား တွေ့ဆုံသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကြိုဆိုထောက်ခံပွဲကြီးကျင်းပတာဟာဖြင့် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နေသူတွေအတွက် အများကြီးခွန်အားဖြစ်စေပါတယ်

တွေ့ဆုံမေးမြန်းသူ ရန်ကြီးအောင်

ကရင်အမျိုးသား အစည်းအရုံးမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကြီးကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော်၌ အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များနှင့်အတူ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့ကြသည်။ အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများမှာ အောင်မြင်မှုများရရှိနေပြီဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီးဖြစ်သည်။ ကေအိုင်အေအဖွဲ့နှင့် ဖေဖော်ဝါရီ ၄ ရက် ရွှေလီတွေ့ဆုံဆွေးနွေးပွဲမှလည်း ရလဒ်ကောင်းများ ရရှိခဲ့ပြီဖြစ်ရာ ကချင်ပြည်နယ်တွင်လည်း ငြိမ်းချမ်းရေးရောင်ခြည်များ ယှက်သန်းလာပေတော့မည်။ ထိုသို့သောအခါသမယတွင် ဖေဖော်ဝါရီ ၁၁ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ပြည်ထောင်စုအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့အကြား ဖော်ဆောင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ကြိုဆိုထောက်ခံပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း ကြားသိရသည်။ ယင်းထောက်ခံပွဲမှာ ငြိမ်းချမ်းရေး တည်ဆောက်မှုဆွေးနွေးပွဲကို ကြိုဆိုသည့် ပြည်သူလူထု၏ ပထမဆုံးအကြိမ် ဆန္ဒထုတ်ဖော်ပွဲဖြစ်သည်။ အဆိုပါထောက်ခံပွဲသို့ တက်ရောက်ခဲ့သူ ကရင်အမျိုးသား အစည်းအရုံးမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်မှာ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေရာ ၎င်းခေတ္တတည်းခိုသည့်ဟိုတယ်သို့ သွားရောက်၍ အခမ်းအနားကျင်းပခဲ့ပုံကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

မေး။ ဒီအခမ်းအနားကြီး ကျင်းပခဲ့ပုံကို ရှင်းပြပေးပါခင်ဗျာ။

ပန်းတနော်မြို့နယ် စာပေနှင့်ယဉ်ကျေးမှုကော်မတီက ဦးဆောင်ပြီး ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ ကျင်းပခဲ့တာပါ။ မြို့နယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမန်းသိန်းလှက ကြိုဆိုထောက်ခံပွဲ ကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာ မန်းခင်မောင်စိုးက ဒုတိယဥက္ကဋ္ဌနဲ့ ဆရာမန်းလှဝင်းက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ အခမ်းအနားကို ပန်းတနော်မြို့နယ်ကသာမကဘဲ ကျုံပျော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ဝါးခယ်မ၊ ညောင်တုန်း၊ ဓနုဖြူစတဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်(၉)မြို့နယ်က ပြည်သူလူထု တစ်သောင်းကျော်တက်ရောက်ခဲ့တာကိုတွေ့ရပါတယ်။ **(အောက်ပုံ)** ဒီအခမ်းအနား ကျင်းပနိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကို ခွင့်တောင်းခဲ့တဲ့အခါမှာ လိုလိုလားလားခွင့်ပြုခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေကလည်း ခွင့်ပြုခဲ့တဲ့အပြင် လိုအပ်တဲ့ အကူအညီတွေလည်း ပေးခဲ့ပါတယ်။

မေး။ ဘယ်သူတွေရဲ့ တိုက်တွန်းဆော်ဩမှုတွေနဲ့ ဒီအခမ်းအနားကျင်းပဖြစ်ခဲ့ပါသလဲခင်ဗျာ။

ဘယ်သူကမှ တိုက်တွန်းလို့မဟုတ်ပါဘူး၊ ပြည်သူတွေက သူတို့ရဲ့ဆန္ဒနဲ့သူတို့လုပ်ကြတာပါ။ တက်ရောက်လာကြတဲ့ ပြည်သူတွေရဲ့ မျက်နှာတွေကို ကြည့်လိုက်တော့ တက်ကြွရွှင်လန်းနေတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကရင်အမျိုးသားအစည်းအရုံးရဲ့ကိုယ်စားလှယ်အနေနဲ့ တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားခဲ့ပါတယ်။

မေး။ ဘာတွေပြောကြားခဲ့ပါသလဲခင်ဗျာ။

ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်း (၆၀)ကျော် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲတွေဟာ တစ်ခါမှ ယခုလောက်မအောင်မြင်ခဲ့ပါဘူး။ သမ္မတကြီးဦးဆောင်တဲ့ အစိုးရလက်ထက်မှာ တိုင်းရင်းသားတွေကို လေးလေးစားစားနဲ့ တန်းတူရည်တူဆက်ဆံတယ်။ အသိအမှတ်ပြုတယ်။ ကြိုတင် စည်းကမ်းသတ်မှတ်ချက်တွေလည်း မထားတဲ့အတွက် ဒီနေ့တွေ့ဆုံ ဆွေးနွေးပွဲဟာ အစပြုခဲ့ပြီ။ ငြိမ်းချမ်းရေးကို တံခါးတစ်ချပ်၊ ခြေတစ်လှမ်းအနေနဲ့ ကျွန်တော်တို့လှမ်းနိုင်ခဲ့ပြီ။ နှစ်ဦးနှစ်ဖက် သံသယတွေရှိခဲ့တာကို ချေဖျက်နိုင်အောင် ကြိုးစားနေပါပြီ။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို မယုံကြည်တဲ့သူတွေ၊ သံသယရှိတဲ့သူတွေ အများကြီးရှိပါတယ်။ ဒါကိုလည်း လက်ခံပါတယ်။ ဒါပေမယ့် ဒီနေ့ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ဖို့အတွက် ဒီနည်းလမ်းသာလျှင် အကောင်းဆုံးဖြစ်တယ်။ ဒီနည်းလမ်းသာလျှင် တိုင်းပြည်ကို ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်တဲ့အတွက် ဒီလမ်းကို ရွေးချယ်ပါတယ်။ ဒီ့ထက်ကောင်းတဲ့နည်းလမ်းရှိရင်ပေးပါ။ ကျွန်တော်တို့ လိုက်နာကျင့်သုံးပါမယ်။

အခုလို ကြိုဆိုထောက်ခံပွဲကြီး ကျင်းပတာဟာဖြင့် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေသူတွေအတွက် အများကြီးခွန်အားဖြစ်စေပါတယ်။ ရှေ့လျှောက်သွားရမယ့် ငြိမ်းချမ်းရေးခရီးစဉ်မှာ စိန်ခေါ်မှုတွေ၊ အကဲစမ်းမှုတွေ အများကြီး ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ တိုင်းရင်းသားအဖွဲ့တွေ ညီညီညွတ်ညွတ် လက်တွဲဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပတုန်းကလည်း (၆)ခရိုင်ဆန္ဒပြပွဲလုပ်တော့ သာယာဝတီ၊ မင်းလှ၊ အင်းစိန်၊ ပြည်၊ တောင်ငူတို့နဲ့အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသက ပန်းတနော်မြို့နယ်လည်း ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် ပန်းတနော်မြို့ဟာ ဂုဏ်ယူရတဲ့ မြို့တစ်မြို့ပါလို့ ပြောခဲ့ပါတယ်။

မေး။ တခြားဘာအစီအစဉ်တွေများ ပါဝင်ပါသေးသလဲခင်ဗျာ။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား ဘဏ္ဍာ/အခွန်ဝန်ကြီး ဦးဝင်းကိုကိုကလည်း အမှာစကားပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ကရင်အမျိုးသားအစည်းအရုံးတို့အကြား ဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဆွေးနွေးပွဲကိုထောက်ခံတဲ့ အဆိုတင်သွင်းပြီး ပြည်သူလူထုထံက အဆုံးအဖြတ် ခံယူခဲ့ပါတယ်။

မေး။ ဒီအခမ်းအနားကြီး ကျင်းပခဲ့တဲ့အပေါ် အမြင်လေးလည်း သိပါရစေ။

ပန်းတနော်မှာ ကျင်းပခဲ့တဲ့ ငြိမ်းချမ်းရေး ကြိုဆိုထောက်ခံပွဲမျိုးကို တစ်နိုင်ငံလုံးက လူထုတွေကလည်း လုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့လို ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းတွေ လုပ်နေတဲ့သူတွေအတွက် တွန်းအားဖြစ်စေမယ်လို့ သုံးသပ်မိပါတယ်။

မေး။ ကရင်အမျိုးသား အစည်းအရုံးရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုအခြေအနေကိုသိပါရစေ။

ကျွန်တော်တို့အနေနဲ့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်နေ့မှာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပါတယ်။ အခုလဲ ထာဝရငြိမ်းချမ်းရေးရဖို့ ဆက်လက်ဆွေးနွေးနေပါတယ်။ ကျွန်တော့်အနေနဲ့ဆိုရင် နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ဆုံခွင့်ရခဲ့တာ နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ်က ကျွန်တော်တို့ အစည်းအရုံးဥက္ကဋ္ဌနဲ့ တွေ့ဆုံဆွေးနွေးတုန်းကဖြစ်ပြီး ဒုတိယအကြိမ်ကတော့ ဒီနေ့(ဖေဖော်ဝါရီ ၁၃ ရက်နေ့) ညနေက ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံတဲ့အခါမှာ တွေ့ခွင့်ရခဲ့တာဖြစ်ပါတယ်။ ။

နံရံကပ်စာစောင်ပြပွဲကျင်းပ

ကလေး ဖေဖော်ဝါရီ ၁၃

ပြည်သူများ အသိအမြင်ဗဟုသုတတိုးပွားစေရန် ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ကလေးမြို့နယ် မောက်လင်းကျေးရွာ ရောင်ခြည်လင်း စာကြည့်တိုက် အဆောက်အအုံဝင်းထဲ၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဇော်နှင့် ဝန်ထမ်းများက ပြသပေးကြသည်။ အဆိုပါပြပွဲတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု သိမှတ်ဖွယ်ရာအဖြာဖြာ နံရံကပ်စာစောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးသိမှတ်စရာ ပညာပေးနံရံကပ်စာစောင်များကို ဝေဝေဆာဆာ ပြသထားသည်။**(ဝဲပုံ)** **(ဂျူနိုင်း)**

◆ *ကျောဖုံးမှ*

ရွှေခါးပတ်ချန်ပီယံ၊ ဒင်္ဂုံရွှေအောင်လံဆုရှင် သတ္တိအောင် (တောင်ကလေး) နှင့် ၂၀၁၃ ခုနှစ် ဒင်္ဂုံရွှေအောင်လံဆုရှင်၊ ၂၀၁၂ ခုနှစ် အာရှ "မွေ့" ရွှေတံဆိပ်ဆုရှင် တူးတူး (နဂါးမာန်) တို့ တွဲဆိုင်းကား ပထမဆုံးတွေ့ဆုံသည့်ပွဲ ဖြစ်သည်။ ပြိုင်ဘက်နှစ်ဦးစလုံး ကြိုးဝိုင်းအတွင်း မတွေ့ဆုံခဲ့ဖူးသည့်အတွက် ဆင်နှင့်ကျားဘွားခနဲ တွေ့ကြသည့်ပွဲဖြစ်သည်။ နှစ်ဦးစလုံး နောက်မဆုတ်တမ်း ထိုးသတ်ကြမည်ဖြစ်ရာ မာဂုဏ်ပြကြမည့်ပွဲလည်းဖြစ်သည်။

ဒေါင်းသည်းခြေ (ဝါဆို) နှင့် စောဂေါ်မူတို(သတ္တိ)တို့ တွဲဆိုင်းကား အလုံးအထည်တူသည်။ ထိုးအား၊ ကန်အားတူသည်။ ဒေါင်းသည်းခြေက အမြင့်ကန်ချက်တွေကို အားကိုးသည်။ စောဂေါ်မူတိုက အားပါပြင်းထန်သော ညာဖြောင့်လက်သီးကို အားထားသည်။ မှားကွက်ပေါ်ပါက ကြိုးဝိုင်းကြမ်းပြင်ပေါ် မှောက်လျက်သားကျသွားမည်ဖြစ်ရာ သည်းထိတ်ရင်ဖိုပွဲဖြစ်သည်။

ကြယ်လေး (ရွှေဖူး) နှင့် ရဲမြင့်အောင် (အဖြူရောင်သွေးသစ်)တို့ အဆိုင်းမှာ ငယ်ဂုဏ်နှင့် သက်လုံတို့ အားကိုးပြီး အလဲအကွဲဖြစ်အောင် ထိုးသတ်ကြမည်ဖြစ်သည်။ ကြယ်လေး (ရွှေဖူး)က တိုင်းဒေသကြီး၊ ပြည်နယ် ရွှေတံဆိပ်ဆုရရှိထားသူဖြစ်ပြီး ရဲမြင့်အောင် (အဖြူရောင်သွေးသစ်)က ၂၀၁၃ ခုနှစ် ဒင်္ဂုံရွှေအောင်လံဆု (တတိယတန်း) ရရှိထားသူဖြစ်သည်။ မာထန်ဂုဏ်မြင့်ပြီး အဝင်ရဲ၊ အတိုးရဲသူများဖြစ်ရာ စိန်ခေါ်ကာ ကြိုးဝိုင်းပေါ် ရဲရဲဝံ့ဝံ့တက်လာသူများဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံ မိုးသီး (ရွှေဖူး) နှင့် အောင်ဂဲစော(တောင်ကလေး)တို့ တွဲဆိုင်းကား ပရိသတ်လက်ခုပ်သံများ ကြားရမည့်ပွဲဖြစ်သည်။ ဝါရင့် သမ္ဘာရင့် မိုးသီး၏မာဂုဏ်မြင့်မှု၊ သက်လုံကောင်းမှု၊ ထိုးလုံးထိုးကွက် ကောင်းမှုများက အောင်ဂဲစော (တောင်ကလေး)ကို လက်ပန်းကျသွားစေနိုင်သည်။ ငယ်ဂုဏ်ရှိသော အောင်ဂဲစော (တောင်ကလေး)ကို သက်လုံဖြိုပြီး ထိုးသတ်ရန် မိုးသီးကြိုးစားမည်ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သော မိုးသီးကို အောင်ဂဲစော (တောင်ကလေး) မည်သို့ပွဲသိမ်းနိုင်မလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အကောင်းဆုံး လက်ဝှေ့သမားဆုရ လှစ်လှစ်လေး (အဖြူရောင်သွေးသစ်)နှင့် ဖိုးလပြည့် (ရွှေဖူး) တို့ တွဲဆိုင်းက အသက်ရှူများမတတ် ရင်ဆိုင် ထိုးသတ်ရမည့်ပွဲဖြစ်သည်။ လှစ်လှစ်ကလေးက ကြံ့ခိုင်မှုနှင့် အင်အားသုံးမှုတို့ဖြင့် နောက်မဆုတ်တမ်း ထိုးသတ်နိုင်သည်။ ဖိုးလပြည့်က သွက်လက်မြန်ဆန်ကာ အကင်းပါးသည်။ ပြိုင်ဘက်ကို အပိုင်ကွက်သုံးကာ ဖြိုလှဲနိုင်သည်။ လှစ်လှစ်လေးက ပြိုင်ဘက်အမှားကိုရှာကာ ပွဲသိမ်းနိုင်သည်ဖြစ်ရာ ပွဲကြီးပွဲကောင်းဖြစ်သည်။

တစ်ဖန် ဝင်းမောက်(ရွှေဖူး)နှင့် နေလင်းအောင်(အဖြူရောင်သွေးသစ်)တို့တွဲဆိုင်းကား အမှားမခံသည့် ပြိုင်ဘက်များဖြစ်သည်။ တစ်ဦး၏ဟာကွက် ပျော့ကွက်များကို ပါဝါသုံးပြီး ချေမှုန်းထိုးသတ်ကြမည်ဖြစ်ရာ ပရိသတ်များ ရင်တမမဖြင့် အားပေးကြရမည့်ပွဲဖြစ်သည်။

မြန်မာပြည် ချန်ပီယံလုပွဲကြီးအပါအဝင် နာမည်ကြီးတွဲဆိုင်းများဖြင့် မြန်မာလက်ဝှေ့ကျော်တို့က နီစွေးသောသတ္တိ၊ ရဲဝံ့သောယှဉ်ပြိုင်မှုတို့ဖြင့် ယှဉ်ပြိုင်အနိုင်ကြဲ ထိုးသတ်ပွဲများကို မြန်မာပရိသတ်တို့အားပေးကြရတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

သက်သည့်ဝတ်စုံစသည်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာအဆင့်နှင့်အညီ အကဲဖြတ် အမှတ်ပေးသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဦးလင်းထိန်က ပြောပြသည်။

ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ၁၀ သိန်းအပြင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့အတွက် ဆုနှစ်ဆုနှင့် ပေါင်းဆုငါးဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဈေးကွက်မြှင့်တင်ရေးမှ ဦးဖြိုးဝေရာဇာက ပြောပြခဲ့သည်။ **နန္ဒာဝင်း**

အကယ်ဒမီကြယ်တစ်ပွင့်ကြွေလွင့်

ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် အကယ်ဒမီမော့စ်သည် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ရှိ SSC ဆေးရုံ၌ အသည်းနှင့် အဆုတ်ရောဂါများကြောင့် ကွယ်လွန်သွားကြောင်း သိရှိရသည်။

သရုပ်ဆောင် အကယ်ဒမီမော့စ်ကို ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေတိုးချောင်ကျေးရွာတွင် အဘ ဦးထွန်းအေးနှင့် အမိ ဒေါ်အချုံတို့က မွေးဖွားသော သားသမီးခြောက်ယောက်အနက်မှ တတိယမြောက် သားဖြစ်သည်။

သရုပ်ဆောင် အကယ်ဒမီမော့စ်သည် အသည်းနှင့် အဆုတ်ရောဂါများကြောင့် ယမန်နေ့ညပိုင်းတွင် SSC ဆေးရုံသို့တင်ပို့ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင် အကယ်ဒမီမော့စ်သည် လူရွှင်တော်ဘဝဖြင့် အနုပညာလောကသို့ စတင်ခြေချခဲ့သည်။ ရုပ်ရှင်လောကတွင် ရုပ်ရှင်သရုပ်ဆောင်အဖြစ် ဆက်လက်ကျင်လည်ခဲ့ပြီး ဗီဒီယိုနှင့် ရုပ်ရှင်ကားပေါင်း ၈၀၀ ကျော်ခန့်ကိုရိုက်ကူးခဲ့ကာ ၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ထာဝရအလင်းတန်းများဇာတ်ကားဖြင့် ပထမဆုံးသော အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့သည်။

ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ်ရှိပြီဖြစ်ကာ ဇနီးဖြစ်သူ ဒေါ်ယုယုမော်နှင့် သားသုံးဦးကျန်ရစ်ခဲ့သည်။ သရုပ်ဆောင် အကယ်ဒမီမော့စ်၏ ရုပ်ကလာပ်ကို ဖေဖော်ဝါရီ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ကြောင်း သိရှိရသည်။ **ညီညီ(သပြေ)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ပြည်တွင်းသတင်း

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်း နည်းစနစ်နှင့် နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အစိမ်းရောင်စီးပွားရေး လမ်းကြောင်းပေါ်သို့ရောက်ရှိရန် ထုတ်ကုန်အခြေပြု စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုအခြေပြု စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲ ဆောင်ရွက်နေကြောင်းဖြင့် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသော သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် Asia Air Survey Co., Ltd. (AAS)တို့ ပူးပေါင်းကျင်းပသည့် REDD+ အကောင်အထည်ဖော်မှု မူဘောင်အတွင်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းအတွက် နည်းစနစ်နှင့်နည်းပညာဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် REDD+ လုပ်ငန်းစဉ်သည် သစ်တောများမှ မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချနိုင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စွမ်းဆောင်ရည်အပေါ်အခြေခံ၍ ကာဗွန်ရောင်းဝယ်ဖောက်ကားမှုပြုသည့် အယူအဆပေါ်တွင် အခြေခံထားပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်၏ ဘဏ္ဍာရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အလားအလာများကြောင့် REDD+ လုပ်ငန်းစဉ်အား နိုင်ငံအများအပြား စိတ်ဝင်စားလာကြပြီး အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်လာကြပါကြောင်း၊ REDD+ လုပ်ငန်းစဉ်သည် ကာဗွန်ရောင်းဝယ်မှု အကျိုးကျေးဇူးအပြင် ဇီဝမျိုးစုံမျိုးကွဲ၊ ရေအရင်းအမြစ်၊ မြေဆီလွှာအစရှိသည်တို့ကို ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် UN-REDD အစီအစဉ်၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အသိပညာ နိုးကြားစေခြင်းနှင့် REDD+ လမ်းပြမြေပုံနှင့်အမျိုးသားအဆင့် မဟာဗျူဟာချမှတ်နိုင်ရေးကို ဦးစားပေးအဆင့်အနေဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ကိုရီးယားသစ်တောဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောအဖွဲ့အစည်းတို့၏ အကူအညီဖြင့် REDD+ ရှေ့ပြေး စီမံကိန်းနှစ်ခုကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့နောက် Asia Air Survey Co., Ltd. Chairman Mr. Kouichiro Ohtsuki က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယနေ့အလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုပြောင်းလဲခြင်းနှင့် အနာဂတ် သစ်တောပြောင်းလဲမှု အခြေအနေကို သိရှိနိုင်ရန်၊ သစ်တောစာရင်း ကောက်ယူခြင်းနှင့် ကာဗွန်ခန့်မှန်း တွက်ချက်မှုကို ဆန်းစစ်လေ့လာရန်၊ လုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တော စီမံအုပ်ချုပ်မှု၏ အခန်းကဏ္ဍကို တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

Asia Air Survey Co., Ltd. သည် REDD+ လုပ်ငန်းစဉ်ဆိုင်ရာ သစ်တောစာရင်းကောက်ယူခြင်း၊ သစ်တောဖုံးလွှမ်းမှုအား လေ့လာခြင်း၊ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် မြေပြင်သတင်းအချက်အလက်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ သစ်တောအသုံးပြုသူများ အဖွဲ့အတွက် REDD+ ဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ဂျပန်နိုင်ငံသို့ ဝန်ထမ်းများအား သင်တန်းစေလွှတ်ခြင်းတို့ကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ယနေ့အလုပ်ရုံ ဆွေးနွေးပွဲတွင် အမျိုးသားအဆင့် သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောပြောင်းလဲမှု စောင့်ကြည့် စစ်ဆေးခြင်း၊ သစ်တောပြောင်းလဲမှုပုံစံ ဆန်းစစ်လေ့လာခြင်းနှင့် အနာဂတ်သစ်တောဖုံးလွှမ်းမှု ပြောင်းလဲခြင်း၊ မြေအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာခြင်း၊ ကာဗွန်ခန့်မှန်းတွက်ချက်ခြင်း၊ REDD+ မူဘောင်အတွင်းမှ ပြည်သူလူထုအခြေခံသော သစ်တောစီမံအုပ်ချုပ်မှုလုပ်ကိုင်ခြင်း၊ သစ်တောစာရင်းကောက်ယူခြင်းနှင့် REDD+ အသိအမြင် နိုးကြားစေခြင်းစသည့် ကိစ္စရပ်များကို စာတမ်းများ ဖတ်ကြားကာ ဂျပန်နှင့် မြန်မာပညာရှင်များက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အညာရေစီးကြောင်း

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - တင်ဝင်းလေး (ကြည့်မြင်တိုင်)

အညာရေစီးကြောင်း . . . .။ အထက်အညာတစ်ခွင် ရပ်ဝန်းကျင်၌ အသွယ်သွယ်စီးဆင်းနေသော မြစ်ချောင်းများအကြောင်းတော့ မဟုတ်ပါ. . .။ "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုသလို "ရေကြည်ရာ မြက်နုရာ" စကားပမာ အညာတစ်ခွင်နှင့် မြေလတ်ဒေသမှသည် ရန်ကုန်မြို့ကြီးဆီသို့ စီးပွားရှာရန်အလို့ငှာ စီးဆင်းလာကြကုန်သောသူတို့၏ ရေစီးကြောင်းပင် ဖြစ်သည်။

ရန်ကုန်မြို့သို့ နှစ်ပေါင်းများစွာကပင်ရောက်ရှိ၍ အခြေကျနေသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာသား ဦးသိန်းကမူ "အခုဆိုရင် ကျွန်တော်တို့ အညာသူ အညာသားတွေ ရန်ကုန်ကိုရောက်နေတာ ဦးရေ သိန်းဂဏန်းထက်မနည်း ရှိနေနိုင်ပါတယ်" ဟု ပြောကြားသည်။

အညာနှင့် မြေလတ်ဆို၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ဘုတလင်၊ ကံသစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ မကွေး စသည့် . . . စသည့်မြို့နယ်အသီးသီးမှ သူများဖြစ်ကြသည်။

သူတို့တွေ၏ စီးပွားရှာပုံမှာလည်း လုပ်ငန်းမျိုးစုံဖြစ်သည်။ သမ္မာအာဇီဝကျသော လုပ်ငန်းများ၌ မရှက်မကြောက်၊ ရိုးသားစွာ၊ ဝီရိယရှိစွာဖြင့် ကြိုးစားရှာဖွေနေကြသည်ကို တွေ့မြင်ရသည်။ အချို့က ဆိုင်ကြီးကနားကြီးနှင့်ဖြစ်သော်လည်း များသောအားဖြင့် တစ်ပိုင်တစ်နိုင် ဈေးဗန်းကလေးများဖြင့် ဈေးရောင်းကာ စီးပွားရှာနေသူများကို တွေ့နေရသည်။

လုပ်ငန်းလုပ်ကိုင်ရာ၌ သူ့အရပ်နှင့်သူ၊ သူ့အရပ်သားအချင်းချင်း လုပ်ငန်းတူသာ လုပ်ကိုင်နေထိုင်ကြသည်။ များသောအားဖြင့် ဟင်းသီးဟင်းရွက်ရောင်းသူတို့မှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ပုဂံ၊ ညောင်ဦး၊ပုပ္ပားနယ်မှ ဖြစ်သကဲ့သို့ လက်တွန်းလှည်းဖြင့် သတင်းစာ၊ ဂျာနယ်၊ ပစ္စည်းအဟောင်း ဝယ်သူတို့မှာ မကွေးတိုင်းဒေသကြီးအတွင်းမှ ရေနံချောင်း၊ချောက်၊ ပခုက္ကူ၊ မကွေး မြို့နယ်အတွင်းမှဖြစ်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ပန်းတောင်း ဝန်းကျင်မှ သူများမှာ လက်ဖက်ရည်ဆိုင်လုပ်ငန်းကို အဓိကလုပ်ကိုင်သူများဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ဘုတလင် စသည့်အရပ်သားများသည် တိုဟူးသုပ်၊ မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး ရောင်းသူများ ဖြစ်ကြသည်။

ရန်ကုန်သို့ လာရောက်ကြရာ၌လည်း မိသားစုအလိုက် ပြောင်းရွှေ့လာကြခြင်းမဟုတ်ပေ။ တစ်ကိုယ်ရေ တစ်ကာယဖြစ်သည်။ မသကာ ဆွေမျိုးဝမ်းကွဲမောင်နှမနှစ်ဦး၊ သုံးဦးမျှသာ ပေါင်းလာကြခြင်းဖြစ်ကြောင်း ကိုပါသိရသည်။ ရှေ့က ရောက်သောသူက အခြေကျလျှင် ရွာရှိနောက်ထပ် ဆွေမျိုးနီးစပ်တော်သူကို လှမ်းခေါ်ကြသည်။ သူတို့တွေ နေထိုင်မှုစနစ်က စုစည်းနေထိုင်ကြခြင်းဖြစ်သည်။ ဈေးနှင့်နီးသော သို့မဟုတ် အရောင်းအဝယ်လုပ်ငန်းနှင့်နီးသော ရပ်ကွက်အတွင်းရှိ အိမ်တစ်အိမ်ကို တစ်ယောက်သောသူက စာချုပ်ချုပ်ဆိုငှားပြီး ကျန်သူများကို တစ်ယောက်လျှင် ငွေကျပ် ၁၀၀၀၀ စသည်ဖြင့် စုပေးကြရခြင်းဖြစ်သည်။ လူတစ်ယောက်အတွက် ဖျာတစ်ချပ်စာရလျှင်ပင် ၎င်းတို့အတွက် လုံလောက်နေပြီဖြစ်သည်။အိမ်တစ်အိမ်လျှင် ၁၅ ယောက်၊ အယောက် ၂၀ ခန့် စုပေါင်းနေထိုင်ကြခြင်းဖြစ်သည်။

မုံရွာမြို့နယ် ကံသစ်ကျေးရွာမှ မြို့သို့ နှစ်ပေါင်း ၃၀ လွန်ကတည်းက ရောက်ရှိပြီး လက်ဖက်ရည်ဆိုင်ဖွင့်ထားသူ ဦးစောသောင်က "အညာကလာပြီး ကြီးပွားနေတဲ့သူတွေအများကြီးပဲ၊ ပုဇွန်တောင်ဘက်မှာဆို အရာတော်က လူတစ်ယောက်သူရောက်ခါစက နို့ဆီခွက် ဝယ်တဲ့အလုပ်ကစတယ်။ အခုဆို လှည်းအစီးပေါင်း ၃၀ ကျော်လောက်ရှိတယ်။ လှည်းပေးတယ်။ အရင်းအနှီးထုတ်ပေးတယ်။ ဝယ်လို့ရသမျှပစ္စည်း သူ့ဆီပြန်သွင်းရတယ်။ လှည်းတစ်စီးငွေကျပ် ၁၀၀၀ပဲ မြတ်တယ်ထား။ အစီး ၃၀ ဆိုတော့ တစ်နေ့သူ့ဝင်ငွေက ငွေကျပ် ၃၀၀၀၀ ကျော်လောက်ရှိတယ်" ဟုပြောပြသည်။

၎င်းကပင် "ဆူးလေဘုရားတစ်ဝိုက်မှာ ရောင်းနေတဲ့ မုန့်ဟင်းခါး၊ တိုဟူးသုပ်အသည်တွေ၊ ဒါက ရန်ကုန်မြို့မှာ ဟိုးအရင်အစောဦးပိုင်းထဲက အခြေချလုပ်ကြတဲ့လုပ်ငန်းပဲ။ ဒီနောက်ပိုင်းကျခါမှ ဈေးတွေထဲမှာ ကလေးမလေးတွေက ဟင်းသီးဟင်းရွက်ရောင်းကြတယ်။ ကောင်လေးတွေ ကောင်မလေးတွေက သတင်းစာစက္ကူဝယ်တဲ့လုပ်ငန်း လုပ်ကိုင်လာကြတာ။ အစောပိုင်းက ရောက်တဲ့ ဆူးလေက ဦးအောင်ကျော်မိုးဆို ဆိုင်းထမ်းတွေအများကြီးပဲ။ အလုပ်သမား ၄၀လောက်ကို ပြန်ချပေးထားတာ၊ အရောင်း ဆိုင်းထမ်းတွေ လုပ်ပေးတယ်။ တိုဟူး၊ အသုပ်စတဲ့ပစ္စည်းတွေ မတည်ရင်းနှီးပေးတယ်၊ အဲဒီသူတွေအားလုံးကို သူ့ရွာကပဲခေါ်ထားတာ၊ နေရာထိုင်ခင်းလည်း စီစဉ်ပေးတယ်"ဟု ပြောပြသည်။

ကြည့်မြင်တိုင် ထီးတန်းဈေးထိပ်မှ ကုန်ခြောက်ပစ္စည်းရောင်းသူ ဒေါ်သန်းဝင်းက "စီးပွားရှာကြတာကတော့ အတော့်ကို အတုယူစရာကောင်းတယ်၊ အနေအထိုင်လည်း ကျစ်လျစ်တယ်။ အလှူအတန်းလုပ်ကြတယ်။ အရောင်းအဝယ်အလိုက် ငွေများတာ၊ နည်းတာပဲကွာမယ်။ အိမ်ကို ငွေပြန်မပါသွားတဲ့သူဆိုတာ မရှိကြဘူး။ အဲဒီလောက်အထိ တော်ကြတယ်" ဟု ချီးကျူးစကားသံကို ကြားရသည်။

အစဦးပိုင်းဆီက ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဈေးကြီးတစ်ဈေး၌ ဆံရစ်ဝိုင်းနှင့် ရွှေညာသူမိန်းကလေး အချို့ကို မြင်ခဲ့ဖူးသည်။ ယခုတော့ ထိုသို့မဟုတ်ပြီ၊ အချို့အချို့သော ရွှေညာသူလေးများသည် ရန်ကုန်သွေး ဝင်ပြီမို့ ဆံပင်အရှည်မှသည် တိုလာကြပြီး ဖြောင့်လာကြပြီ၊ ဝတ်စားဆင်ယင်မှုများ ပြောင်းလဲလာကြပြီ။ သူတို့လေးတွေ၏ မပြောင်းလဲသော သဏ္ဌာန်က ဟန်နှင့်အသံပင် ဖြစ်ပါသည်။ အညာလေယူ လေသိမ်းနှင့် ဟန်က သူတို့လေးတွေ၏ ဒေသအမွေပင်ဖြစ်ပါလိမ့်မည်။

တစ်ပြည်လုံးတွင် အအေးပေါ့မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့်ဟဲဟိုးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အအေးပေါ့နေမည်။

နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အများအားဖြင့် သာယာမည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ပြသ

တမူး ဖေဖော်ဝါရီ ၁၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ ကျွန်းပင်သာကျေးရွာ ကျွန်းရောင်ခြည် စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်က ကျင်းပရာ ခေတ္တမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆေးခိုမန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ပြပွဲ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

ကျင်းပ

အလားတူ ဖေဖော်ဝါရီ ၁၀ ရက်က မင်းသာကျေးရွာ၊ ဖေဖော်ဝါ ရီ ၁၁ ရက်က ထုံကကင်ကျေးရွာတို့၌ ပြပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(၀၇၈)

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

မိုးဘေးရှောင် မလောင်ခင်တား

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

မြို့တော်ဝန် ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၃

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် (၁၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲက မန္တလေးကန်တော်ကြီးဒေသ လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့ တက်ရောက်အားပေးသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကောင်စစ်ဝန်ချုပ်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးများ၊ မြို့တော်စည်ပင်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲအား စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၁၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲအတွင်း ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများနှင့် ပြိုင်ပွဲဝင်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးပန်းမန်တို့အား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၁၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲကို မန္တလေးကန်တော်ကြီးဒေသ လူထုအပန်းဖြေဥယျာဉ်၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ဌာနဆိုင်ရာ ပညာပေးပြခန်း ၁၃ ခု၊ အထူးပညာပေးပြခန်း နှစ်ခု၊ ပုဂ္ဂလိကကုမ္ပဏီများ၏ အရောင်းပြခန်းလေးခု ခင်းကျင်းပြသထားပြီး ညစဉ်တေးဂီတအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄ဝ)**

မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမည်

မန္တလေး ဖေဖော်ဝါရီ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ငါးရက်ကြာ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ဆောင်ရွက်သွားမည်ဖြစ်ရာ ကုသမှုခံယူလိုသော မျက်စိဝေဒနာရှင်များသည် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးရှိ မျက်စိပြင်ပလူနာဌာနသို့ လာရောက်ပြသ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

မြရောစျေးသဘော် ရောဝတီချော်ဆိပ်တွင် ဆိုက်ကပ်ရောင်းချ

မန္တလေး ဖေဖော်ဝါရီ ၁၃

ကုန်သွယ်ယူမှုနှင့် စီးပွားရေးစနစ်အရ ပုဂ္ဂလိကကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် အထောက်အကူပြုစေရန် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ လုပ်သားပြည်သူများ အထက်မြန်မာပြည်မှ ထွက်ကုန်များနှင့်အောက်မြန်မာပြည်မှ ထွက်ကုန်များကို စျေးနှုန်းချိုသာစွာဖြင့် အလွယ်တကူရရှိစေရန် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ကျဆင်းစေရေးတို့အတွက် မြရောစျေးသဘော်နှင့် ဘ-၈၀၉/၈၁၀ စျေးတွဲများ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါစျေးသဘော်ကြီးသည် ဖေဖော်ဝါရီ ၉ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ဧရာဝတီချော်ဆိပ်သို့ ဆိုက်ကပ်စျေးရောင်းဝယ်လျက်ရှိသည်။ စျေးသဘော်၌ ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး၊ ပုသိမ်မီးဖိုမျိုးစုံ၊ ကျောက်မြောင်းဒေသထွက် စဉ့်ထည်အမျိုးမျိုး၊ ပခုက္ကူဒေသထွက်ကုန်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၅ ရက်အထိ စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါစျေးသဘော်ကြီးသည် မြို့ကြီး ၂၅ မြို့၊ ကျေးရွာပေါင်းမြောက်မြားစွာကို ဖြတ်သန်းရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ဒုတိယအကြိမ် ပန်းပွဲတော်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်သီပေါမင်း တည်ထားကိုးကွယ်ခဲ့သော မာရ်အောင်ရတနာ ဓာတုယရ(ဝါခင်းကုန်း)ဘုရားပွဲတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပန်းမွေ့ရာခင်းပွဲတော်အကြို ပန်းပွဲတော်ကို ၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၈ ရက်တွင် စတင်ဖွင့်လှစ်ပြီး တပို့တွဲလပြည့်ကျော် ၂ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပန်းပွဲတော်တွင် ကန်ကောက်ကြီး၊ ကန်ကောက်သစ်၊ ကန်ကောက်ဟောင်း၊ ရွှေယာဉ်မွန်၊ ယာဉ်ပျံ၊ ကျန်းမာရေးရပ်ကွက်မှ အသင်းများနှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများ ပါဝင်ပြိုင်ပွဲဝင်ကြမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော ပန်းဝါသနာရှင်များ ပန်းပွဲတော်တွင် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ပြည်ထောင်စုနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

မန္တလေး ဖေဖော်ဝါရီ ၁၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ အိမ်တော်ရာဘုရား ပရဝဏ်အတွင်း (၁၄)ခမ်းဇရပ်၌ ကျင်းပကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းကို ချမ်းအေးသာစံမြို့နယ် ကြက်ခြေနီအသင်း၊ ချမ်းအေးဖြူစင်ကြက်ခြေနီ သွေးလှူရှင်အသင်းမှ ပထမအကြိမ်မြောက် ကျင်းပရာ မန္တလေး အမျိုးသားဗဟိုသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်း၊ လက်ထောက်ဒေါက်တာ ဒေါ်သက်ရီခင်နှင့် သွေးလှူဘဏ်ဝန်ထမ်းများ၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်လင်းလင်းချစ်နှင့် အမှုဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလင်းနှင့် ဆယ်အိမ်စုမှူးများ၊ ဂေါပကဥက္ကဋ္ဌ ဦးချစ်ထွန်းနှင့် အဖွဲ့ဝင်များ၊ ချမ်းအေးဖြူစင်ကြက်ခြေနီ သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်း၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဝင်းနှင့် အသင်းဝင် ၅၀ ကျော် တက်ရောက်ကြသည်။ ရှေးဦးစွာ ဒေါက်တာဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းက ပထမဦးဆုံးအကြိမ် အသင်းဖွဲ့စည်းပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုသွေးလှူဒါန်းရခြင်းကို ရှင်းပြသည်။

ထို့နောက် အသင်းဝင်ကြက်ခြေနီ မောင်မယ် ၅၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ဆက်လက်၍ သွေးအိတ် ၅၄ အိတ်ကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များမှ အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းထံ ပေးအပ်လှူဒါန်းရာ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်လိုက်သည်။ ပြည်သူအများလိုအပ်သော သွေးအမျိုးအစား၊ အရေအတွက်ကို အသင်းတည်ရာအမှတ်(၅၃/ခ) ၈၇ လမ်း၊ ၂၆၊ ၂၇ လမ်းကြားတွင် ဆက်သွယ်ပါက အခမဲ့သွေးလှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

(ထွဏ်းလှအောင်)

ပညာလို အိုသည်မရှိ

ပီအက်စ်ဂျီနဲ့ ဂျူဗင်တပ်စ်တို့ ပြုံးပျော်ခဲ့ကြတဲ့ ချန်ပီယံလိဂ်ပွဲစဉ်

မိုးမြင့်လင်းလက် - ရေးသားသည်

ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ အီတလီစီးရီးအေ ထိပ်သီး ဂျူဗင်တပ်စ်က အဝေးကွင်းမှာ ဆဲလ်တစ်ကို ဂိုးပြတ်သွင်း အနိုင်ယူခဲ့သလို ပီအက်စ်ဂျီတို့ကလည်း အဝေးကွင်းမှာ ဗလင်စီယာကို အနိုင်ယူခဲ့တာမို့ အိမ်ရှင်တွေ မျက်နှာပန်းမလှ ဖြစ်ခဲ့ရပါတယ်။ ဒုတိယအကျော့ ပွဲစဉ်တွေမှာတော့ ဖိအားတွေအောက်မှာ စိတ်တည်ငြိမ်မှုကင်းမဲ့စွာနဲ့ ရင်လေးဖွယ်ရာ ပြိုင်ဆိုင်ရတော့မှာဖြစ်ပါတယ်။

ဆဲလ်တစ် ၀-၃ ဂျူဗင်တပ်စ်

အိမ်ကွင်းမှာ ခြေစွမ်းမာကျောခက်ထန်တဲ့ ဆဲလ်တစ်ဟာ ဒီပွဲမှာ အစွမ်းအစတွေ ပျောက်ဆုံးနေပြီး ဂျူဗင်တပ်စ်ရဲ့ ပွဲအစ ၃ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူမှုကို ကြုံတွေ့ခဲ့ရပါတယ်။ ဒီဂိုးကို ဂျူဗင်တပ်စ်ရဲ့ ပီလူဆိုက ဖန်တီးပေးလိုက်တဲ့ ဘောလုံးကို တိုက်စစ်မှူး မာထရီက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဆဲလ်တစ်ဟာ အဓိကကစားသမားတွေဖြစ်တဲ့ ဆာမာရက်စ်နဲ့ ကစားသမားအချို့ မပါခဲ့လို့ တိုက်စစ်အား ထက်မြက်မှုမရှိခဲ့တာမို့ ဂျူဗင်တပ်စ်ရဲ့ တိုက်စစ်ဆင် ဂိုးသွင်းမှုတွေအောက်မှာ ကျဆုံးခဲ့ရခြင်းဖြစ်ပါတယ်။ ကွင်းလယ်ပိုင်းကို မစိုးမိုးနိုင်ခဲ့တဲ့ ဆဲလ်တစ်ဟာ ဂျူဗင်တပ်စ်ရဲ့ ပီယာလိုဦးဆောင်တဲ့ ကွင်းလယ်ကစားအားကိုလည်း တန်ပြန်မထိန်းချုပ်နိုင်ခဲ့လို့ ဂိုးသွင်းခွင့်တွေ နည်းပါးခဲ့ခြင်းဖြစ်ပါတယ်။

ဆဲလ်တစ်ဟာ တိုက်စစ်မှူးဟူးပါးကို ဂျူဗင်တပ်စ်နောက်တန်းကို ထိုးဖောက်ဂိုးသွင်းနိုင်ဖို့ တာဝန်ပေးခဲ့ပေမယ့် ကွင်းလယ်က ဖောရက်စ်နဲ့ ဝမ်ဖာတို့ရဲ့ပံ့ပိုးမှုတွေ အားမကောင်းခဲ့တဲ့အပြင် အဆုံးသတ်ဂိုးသွင်းမှုတွေ မပိုင်နိုင်ခဲ့လို့ ချေပဂိုး တစ်ဂိုးမှမရရှိဘဲ အိမ်ကွင်းမှာ လည်စင်းခံခဲ့ရသလို ဖြစ်ခဲ့တာပါပဲ။ ဆဲလ်တစ် ကွင်းလယ်ကစားသမား ကွန်မွန်းရဲ့ ၂၅ ကိုက်အကွာက အမှတ်မထင်ကန်သွင်းချက်ကိုလည်း ဂိုးသမား ဘူဖွန်က ကာကွယ်နိုင်ခဲ့လို့ ချေပဂိုး မရရှိခဲ့ခြင်းဖြစ်ပါတယ်။

တောင်ပံတွေက ထိုးဖောက်တိုက်စစ်ဆင်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ ပွဲချိန် ၇၇ မိနစ်မှာ မာချီစီယိုက ဆဲလ်တစ်နောက်တန်းကို ကျော်ဖြတ်ပြီး ဆဲလ်တစ်ဂိုးသမားရဲ့ ဘယ်ထောင့်ကို ကန်သွင်းယူခဲ့တာမို့ ဂျူဗင်တပ်စ်တို့ ဒုတိယဂိုးရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဆဲလ်တစ်ဟာ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာက ဂိုးသွင်းမှု ၁၅ ကြိမ်ရရှိခဲ့ပေမယ့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ပွဲချိန် ၈၃ မိနစ်မှာ ဗူချီနစ်က တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပွဲအပြီးမှာ ဂျူဗင်တပ်စ်တို့ သုံးဂိုးပြတ်နဲ့အနိုင်ရပြီး အဝေးကွင်းမှာ မျက်နှာပန်းလှစွာနဲ့ အိမ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယအကျော့အဖြစ် ဂျူဗင်တပ်စ်ကွင်းမှာ ဆဲလ်တစ်တို့ လက်ရှိခြေစွမ်းနဲ့ ကစားအားအတိုင်းဆိုရင် အခက်အခဲတွေနဲ့အတူ ပင်ပန်းကြီးစွာ ရုန်းကန်ရဖို့ ဖြစ်သွားခဲ့ပြီဖြစ်ပါတယ်။

ဗလင်စီယာ ၁-၂ ပီအက်စ်ဂျီ

ပီအက်စ်ဂျီရဲ့ ပထမပိုင်းသွင်းဂိုးတွေကြောင့် ဗလင်စီယာတို့ ဆောက်တည်ရာမရဖြစ်ခဲ့ပြီး ထိုးနှက်မှု ခံခဲ့ရပါတယ်။ ဗလင်စီယာဟာ အိမ်ကွင်းမှာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ အသာစီးရယူနိုင်ခဲ့ပေမယ့် အဆုံးသတ် ဂိုးသွင်းမှုအပိုင်းမှာ ချို့ယွင်းမှုတွေရှိခဲ့လို့ ချေပဂိုးတွေ အပြည့်အဝ ပြန်မသွင်းနိုင်တာ ဖြစ်ပါတယ်။ ပီအက်စ်ဂျီရဲ့ အဖွင့်ဂိုးကို ပွဲချိန် ၁၀ မိနစ်မှာ ပီအက်စ်ဂျီရဲ့ လာဗက်ဇီက ညာဘက်ကနေ ကန်ချက်ပြင်းပြင်းနဲ့ သွင်းယူခဲ့တာမို့ ဂိုးစတင်ရရှိသွားခဲ့ပါတယ်။

ချေပဂိုး ပြန်သွင်းယူနိုင်ရေးအတွက် ဗလင်စီယာတို့ ကြိုးစားခဲ့ပေမယ့် ပီအက်စ်ဂျီဂိုးဧရိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုတွေ ဖြစ်နေခဲ့တာမို့ အရာမထင်ခဲ့ပါဘူး။ ဗလင်စီယာ တိုက်စစ်မှူးတွေဖြစ်တဲ့ ဆိုလ်ဒါဒို၊ ဂျိုနက်စ်နဲ့ ဖီဂူလီတို့ ခြေမပေါ်ခဲ့ကြတဲ့အပြင် ဆန္ဒစောနေမှုကြောင့် ပီအက်စ်ဂျီခံစစ်ကြောင်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ပါဘူး။ ပွဲချိန် ၄၃ မိနစ်မှာ ပီအက်စ်ဂျီက လူကပ်မော်ရာပေးလိုက်တဲ့ ဘောလုံးကို ပက်စ်တိုရီက ပိတ်သွင်းယူခဲ့တာမို့ ဒုတိယဂိုး ရရှိသွားခဲ့ပါတယ်။ ပထမပိုင်း ပွဲချိန်အပြီးမှာ ပီအက်စ်ဂျီတို့က နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်း ပွဲချိန်အတွင်းမှာလည်း ပီအက်စ်ဂျီတို့က အပိုင်ဂိုးသွင်းခွင့်တွေရရှိခဲ့ပေမယ့် ဂိုးသွင်းယူမှုမသေသပ်လို့ ဂိုးမရရှိခဲ့ပါဘူး။ မိနစ် ၉၀ ပွဲချိန်ပြည့်ခါနီးမှာ ဗလင်စီယာရဲ့ ရီမီက ဂိုးသွင်းနိုင်ခဲ့လို့ ပွဲအပြီးမှာ ပီအက်စ်ဂျီတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဗလင်စီယာ နောက်ကျဂိုးကြောင့် ဒုတိယအကျော့မှာ အားတင်းကစားနိုင်မယ့် စိတ်ဓာတ်တွေ ရရှိသွားပြီဖြစ်ပါတယ်။

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

* နယူးကာဆယ်အသင်းသည် ပြင်သစ်တိုက်စစ်မှူး အသက် ၂၀ နှစ်အရွယ်ရှိ မီရင်အား လာမည့်နွေရာသီ၌ ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
* ဆန်းဒါးလန်းအသင်းသည် အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး မက်ဖာဒင်အား စာချုပ်ထပ်မံချုပ်ဆိုရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
* နာပိုလီအသင်းသည် အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒါမီရာအိုအား စာချုပ်ချုပ်ဆိုရန် ကြိုးစားလျက်ရှိသည်။
* စပါးအသင်းသည် အင်တာမီလန်အသင်းမှ ကာဗာနီအား ခေါ်ယူနိုင်ရေးအတွက် ကြိုးစားနေကြောင်း၊ လာမည့်နွေရာသီတွင် ခေါ်ယူစာချုပ်ရန် ပြင်ဆင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
* ဖီအိုရင်တီးနားအသင်းသည် ဆောက်သမ်တန်အသင်းမှ အသက် ၂၂ နှစ်အရွယ် တိုက်စစ်မှူး ရာမီရက်စ်အား စာချုပ်ချုပ်ဆိုနိုင်ရေး ကြိုးစားနေပြီဖြစ်သည်။
* ရက်ဒင်းနောက်ခံလူ အသက် ၂၄ နှစ်အရွယ်ရှိ အဲလက်ပီရက်အား ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်းတို့က အပြိုင်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
* စီရိုနယ်ဒိုကို ပြန်လည်ခေါ်ယူလိုသော ဆန္ဒရှိသော်လည်း လက်ရှိမန်ယူအသင်း၏ တိုက်စစ်မှာ အကောင်းဆုံးခြေစွမ်းရရှိနေကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။
* မန်ယူအသင်းသည် ယခုနှစ်၌ ဖလားသုံးလုံးရရှိနိုင်သည့် အခွင့်အရေးများရှိနေကြောင်း၊ မိမိတို့အကောင်းဆုံး စွမ်းဆောင်သွားမည်ဖြစ်ကြောင်း တိုက်စစ်မှူးဗန်ပါစီက ထုတ်ဖော်ပြောကြားသည်။
* အာဆင်နယ်တိုက်စစ်မှူး လူကပ်စ်ပိုဒေါ်စကီးက လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာလိုသောဆန္ဒပြင်းပြနေကြောင်း ထုတ်ဖော်ပြောကြားသည်။
* ဘိုင်ယန်မြူးနစ်အသင်းအား အောင်မြင်မှုများရရှိရန် မိမိကြိုးစားပေးသွားမည်ဖြစ်သော်လည်း ပြုပြင်မှုများပြုလုပ်ရမည်ဟု နည်းပြတာဝန်ယူမည့် ဂွာဒီယိုလာက ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

ငွေရတုမင်္ဂလာဆုမွန်လွှာ

ပဲခူးမြို့၊ စိန်ဘယက်ဆေးတိုက်မှ တိုင်းရင်းဆေးသမားတော်ကြီး ဦးကြည်လင်း၊ ဆရာမ ဒေါ်ချိုချိုမာတို့၏ ၁၄-၂-၂၀၁၃ရက်တွင် ကျရောက်သည့်ငွေရတုမင်္ဂလာအခါသမယတွင်-

ကျေးဇူးကြီးလှ မိနှင့်ဖ၏ လ၊ နေပမာ၊ ဝေဖြာထွန်းပြောင် အလင်းဆောင်လို့၊ ဂုဏ်ရောင်တင့်တယ်-လောကအလယ်မှာ ထည်ထည်ဝါဝါ၊ နေရပါခဲ့၊ ပမာနေလ၊ မိနှင့်ဖ၏ မြတ်လှကျေးဇူး ဂုဏ်တော်ထူးကို ဦးတင်ဆုခြွေမာပါစေကြောင်း၊ သာစေကြောင်း....

ချစ်သားကြီး - သရုပ်ဆောင် သူရိယ
ချစ်သားလတ် - အောင်သူလင်း
ချစ်သားငယ် - ချမ်းပြည့်ပြည့်လင်း
ချစ်သမီးငယ် - ခင်သစ္စာကြည်

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက်
Nikkon Camera များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Nikkon Camera D-7000 ငါးလုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၂-၂၀၁၃ ရက်မှ ၂၅-၂-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၂-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၇ ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

လူပျောက်

အထက်ဖော်ပြပါ ဓာတ်ပုံပိုင်ရှင် အသက် (၇၉)နှစ် ဦးအုန်းမောင် (ဘ) ဦးဘိုးဆော့သည် ၁၁-၂-၂၀၁၃ရက် နံနက် ၇း၃၀ နာရီခန့်တွင် အိမ်မှလမ်းလျှောက်ထွက်ရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် နူးညွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

မဆွေဇင်ထက်
ဖုန်း-၀၉-၇၃၀၁၇၉၇၁၊ ၀၉-၇၃၀၂၅၅၂၈

ဒေါ်စံစံဝင်း ၁၁/စတန(နိုင်)၀၁၀၅၉၇ နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၁၇၃၇(ရွှေမိုးစံစတိုး)နှင့် အမှတ် ၄၅/ဂ(B) (ပန်းမြို့တော်စတိုး)တို့အား ပိုင်ဆိုင်နေထိုင်သူ ဦးမောင်မောင်ရွှေက ကြေညာအပ်ပါသည်။

ဦးမောင်မောင်ရွှေနှင့် ဦးကြွင်းလှအောင်-ဒေါ်လှမြသာတို့၏သမီး ဒေါ်စံစံဝင်းတို့သည် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့တိုင် တရားဝင်ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။

ထို့ကြောင့် ဦးမောင်မောင်ရွှေတို့ဇနီးမောင်နှံပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအပေါ် ဒေါ်စံစံဝင်းအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးမောင်မောင်ရွှေ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ချေးငှားခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်အပ်ပါသည်။

ထို့ပြင် ဦးမောင်မောင်ရွှေတို့ဇနီးမောင်နှံ၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အဆင်ပြေမှုမရှိစေသည့်ကိစ္စများ၌ ပါဝင်ပတ်သက်ခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်း၊ အားပေးအားမြှောက်ပြုခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းတို့အား ပြုလုပ်နေသူများသည် ယနေ့မှစ၍ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။

ယခုကဲ့သို့ တားမြစ်ထားပါလျက် ဆက်လက်ဆောင်ရွက်လျှင် ဦးမောင်မောင်ရွှေအနေဖြင့် ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်ရွှေ
၁၂/ကမရ(နိုင်)၀၀၈၀၇၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၁၅၅၀/ခ၊ အကျယ်အဝန်းပေ (၂၀×၆၀)နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့အား မြေချပါမစ်ပိုင်ဆိုင်သော ဦးဝင်းစိန် ၁၂/အစန(နိုင်)၁၃၁၂၈၁၊ KGN -၀၀၅၉၆၅က အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးထွန်းဟန် ၁၁/ရဗန(နိုင်)၀၀၇၁၁၉၊ ဖုန်း-၀၉-၅၀၃၁၆၂၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ Royal Mingaladon Golf & Country Club ၌ ကျင်းပမည့် Zaykabar Myanmar Open 2013 Presented by Alpine ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံဂေါက်ကလပ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ယခုပြိုင်ပွဲသည် လူငယ်သွေးသစ် ဂေါက်သီးအားကစားသမားများအနေဖြင့် မျက်မြင်လက်တွေ့ ကြည့်ရှုနိုင်မည် ဖြစ်သကဲ့သို့ မြန်မာလက်ရွေးစင် အားကစားသမားများ၏ အရည်အချင်းကိုလည်း အကဲဖြတ်နိုင်မည်ဖြစ်ပြီး အတွေ့အကြုံကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြိုင်ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယင်းတို့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ချီးမြှင့်မည်

အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း (၂၈)နိုင်ငံမှ ပြိုင်ပွဲဝင် Professional အားကစားသမား စုစုပေါင်း ၁၆၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ သုံးသိန်း သတ်မှတ်ထားပြီး အဆင့်(၁)မှ အဆင့်(၆၅)ထိ ရရှိသူများအား အချိုးကျ ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့အခမ်းအနား ဖားကန့်၌ကျင်းပ

ဖားကန့် ဖေဖော်ဝါရီ ၁၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော် ဖတ်ကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်မှ လူရည်ချွန်ဆုရရှိကြသော မူလတန်းဆင့်၊ အလယ်တန်းဆင့် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ဝ၆၄)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၂၈၉)ကြိမ်မြောက် ထီဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်ပြီးနောက် (၂၉၀)ကြိမ်မြောက် အစိုးရအောင်ဘာလေသိန်းထီလက်မှတ်များကို စျေးကွက်တွင် ရောင်းချနေရာ ကံစမ်းသူပြည်သူများ တရားဝင်စျေးနှုန်း ထီတစ်စောင်လျှင် ငွေကျပ် ၂၀၀ အစား ငွေကျပ် ၃၅၀ ဖြင့် ဝယ်ယူကံစမ်းနေရကြောင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ မော်လမြိုင်ကျွန်းမြို့နေ မြို့ခံလူအများက ဆိုသည်။

နိုင်ငံတော်မှ ၁၁ စောင်အရေအတွက်ပါရှိသော သိန်းထီလက်မှတ်တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချရာ ထီတစ်စောင်ရောင်းချမှုအပေါ်မှ နိုင်ငံတော်အနေဖြင့် ၁၈၁ ကျပ်သာ ကျသင့်ပြီး အမှန်တကယ် ထီထိုးကံစမ်းသူ ပြည်သူအများ ထီတစ်စောင် ငွေကျပ် ၃၅၀ နှုန်းဖြင့် ဝယ်ယူကံစမ်းနေရရာ တစ်ဆနီးပါး ကွာဟနေသော ငွေကြေးပမာဏသည် ထီလောကမှ ဆိုင်ကြီးနှင့် လက်လီရောင်းချသူ နှစ်ဆင့်ကြားတွင် မည်သည့်အတွက် ယခုကဲ့သို့ မြင့်မားလာရကြောင်း သက်ဆိုင်ရာမှ စိစစ်အရေးယူသင့်ကြောင်း ထီဝါသနာရှင်များက ပြောသည်။

ထီစျေးနှုန်းမြင့်လာသည်မှာ သုံးလဝန်းကျင်ရှိလာကြောင်း၊ (၂၈၉)ကြိမ် ထီဖွင့်ရန် ရက်အနည်းငယ်အလိုတွင် ၁၀ စောင်တွဲတစ်ကတ်လျှင် ရန်ကုန်ရှိ ပင်ရင်းဆိုင်ကြီးများမှ ငွေကျပ် ၂၄၅၀ မှ ၂၆၀၀ အကြား ဝယ်ယူရကြောင်း၊ အက္ခရာ ၃၃ လုံးပါ မင်္ဂလာစုံတွဲတစ်တွဲလျှင် ငွေကျပ် ၈၁၀၀ မှ ၈၃၀၀အတွင်း လက်ကားဝယ်ယူပြီး နယ်တွင် ပြန်ရောင်းရကြောင်း၊ ချိန်ခွင်ခေါ် ခွဂဏန်း(ဥပမာ-၁၀၁၊ ၅၆၅)နှင့် ရှေ့နှစ်လုံး အပူးဂဏန်းများပါသော မင်္ဂလာစုံတွဲဆိုလျှင် တစ်တွဲလျှင် ငွေကျပ် ၂၀၀ ပိုပေးရကြောင်း နယ်တွင် ထီပြန်ရောင်းချသူ တစ်ဦးက ဆိုသည်။

(၂၉၁)ကြိမ်မြောက် မတ်လတွင် အက္ခရာတစ်လုံးတိုးပြီး ၃၄ စောင် ဖြစ်မည်။ ထီရောင်းအားကျသော သင်္ကြန်ကာလတွင် အက္ခရာအလုံးရေ လျှော့ထုတ်မည်ဟုသိရသည်။ ၂၀၁၁ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်သော (၂၇၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲမှစ၍ မည်သည့်ထီဆိုင်မှ အပိုဆုချီးမြှင့်ခြင်း မပြုရတော့ရာ ယခင်အပိုဆုအတွက် ကံစမ်းသူများ ငွေပိုပေးရသည်ဟု အကြောင်းပြခဲ့ကြောင်း၊ တစ်နှစ်ကျော်ကာလအတွင်း မည်သည့် အပိုဆုကြေးမှပေးရခြင်း မရှိချိန်တွင် လူအများ အစိုးရအောင်ဘာလေသိန်းထီလက်မှတ်များအတွက် သုံးစွဲနေရသောငွေကြေး တစ်ဝက်နီးပါးကို နိုင်ငံတော်သို့ မရောက်ရှိဘဲ ပြင်ပအကျိုးစီးပွားဖြစ်ထွန်းနေခြင်းများသည် မရှိသင့်တော့ကြောင်း၊ ပြည်သူများ နိုင်ငံတော်မှ သတ်မှတ်စျေးနှုန်းနှင့် ဝယ်ယူကံစမ်းနိုင်ရန် အခြေခံကျကျ အဖြေရှာလုပ်ဆောင်ပေးသင့်ကြောင်း၊ ပြည်သူများက လက်တွေ့ကံစမ်းနေရသော ငွေကြေးပမာဏအရဆိုလျှင် နိုင်ငံတော်မှ ပြန်လည်ခွဲဝေပေးသော ငွေကြေးတစ်ဆနီးပါး ကံစမ်းသူများထံ ပေးအပ်နိုင်မည်ဖြစ်သော်လည်း ယခုအခါ အရေးအတွက်အနည်းငယ်သာရှိသော ထီလုပ်ငန်းလုပ်ကိုင်သူအချို့၏ အကျိုးစီးပွားအတွက် ဆင်းရဲနွမ်းပါးဝင်ငွေနည်း ပြည်သူများအပါအဝင် လူအများ လုပ်ဆောင်ပေးနေသကဲ့သို့ ဖြစ်နေကြောင်း ထီထိုးကံစမ်းနေသူများက ဆိုနေပါသည်။

ရန်ကုန်မြို့ရှိ အောင်ဘာလေထီရုံးအနီးဝန်းကျင်ရှိ ထီဆိုင်ကြီးများတွင် ၁၀ စောင်တွဲ ကျပ် ၃၀၀၀၊ ၃၃ စောင်မင်္ဂလာစုံတွဲ ကျပ် ၈၈၀၀ ဝန်းကျင်၊ တစ်စောင်ချင်း ကျပ် ၃၀၀ နှုန်းဖြင့် ရောင်းချနေကြောင်း သိရသည်။

(ခင်ဆိုင်)

ထီတစ်စောင် ကျပ် ၃၅၀ ဖြင့် ကံစမ်းနေရ

လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

ကျုံပျော် ဖေဖော်ဝါရီ ၁၃

ကျုံပျော် မြို့မစျေးကြီးအတွင်းတွင် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် ဌာနဆိုင်ရာများ၊ စျေးသူစျေးသားများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြည့်ရှုကြသည်။

လက်တွေ့သရုပ်ပြ

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်လွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကား၊ မီးသတ်ဆေးဘူး၊ သဲပုံး၊ ရေပုံးတို့ကို အသုံးပြု၍ မီးငြိမ်းသတ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



(၇၅)နှစ်ပြည့် မွေးနေ့ မင်္ဂလာဆုတောင်း

မိခင်ကြီး ဒေါ်မြညွန့်၏ ၁၄-၂-၂၀၁၃ရက်တွင် ကျရောက်သော (၇၅)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ပြည့်စုံပြီး ဝိပဿနာတရားအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား - ကိုခင်စိုး-မမိုးသန္တာအောင်
သမီး - ကိုဖုန်းမြင့်ကြည်-မနီနီသန်း
သား - ကိုကျော်စွာယု-မစင်သီတာ
မြေး၊ မြစ်များ

ကျွန်တော် အငြိမ်းစားဝန်ကြီးချုပ် သူရဦးထွန်းတင်နှင့် ဇနီး ဒေါ်မြင့်မြင့်သိန်းတို့၏ (၆၃)နှစ်မြောက် မင်္ဂလာနေ့သည် ဖေဖော်ဝါရီ ၁၄ ရက် Valentine's Day နှင့် ဆုံဆည်းနေပါသည်။

မြေငလျင်ကြောင့်ပျက်စီးသွားသော သပိတ်ကျင်းမြို့၊ဝါးဖြူတောင်ရပ်၊ မြေနီတောင်စေတီတော်အမှတ်(၂)ကို ပြုပြင်ရန် အလှူငွေကျပ် ၁၀သိန်းကို မိသားစုများ စုပေါင်းအလှူဒါနပြုပါသည်။

မင်းကွန်းတိပိဋကဓရကျောင်းရှိ သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ကပ်လှူပါသည်။

မိုးမိတ်ကုန်းမြေတွင် ဆောက်လုပ်လျက်ရှိသော သံဃာတော်တစ်ပါး ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းပါသည်။

နတ်၊ လူ၊ သာဓုခေါ်စေသော် ...

(၃၅) နှစ်ပြည့် မင်္ဂလာဆုတောင်း

နေပြည်တော်နေ ဦးအောင်ခင်နှင့် ဒေါ်ဝင်းဝင်းခိုင်တို့၏ ၁၄-၂-၂၀၁၃ရက်တွင် ကျရောက်သော (၃၅)နှစ်ပြည့် မင်္ဂလာမှသည် သက်ဆုံးတိုင်ချစ်ခင်ကြင်နာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေ...

မေမေ - ဒေါ်အုန်း
သား - ကိုငြိမ်းဝင်းအောင်-မချိုသက်မွန်
သမီး - ကိုကျော်ကိုကိုလင်း-မနှင်းပွင့်ခိုင်
မြေးများ - မောင်အောင်ခန့်ပိုင်
(အလက-၃၊နေပြည်တော်)
- မောင်ဟိန်းလင်းကို(ခ)အားလုံ
- မောင်ဟိန်းထက်ကို(ခ)ရှောင်လုံ
(အမြှာညီအစ်ကို)

ကျေးဇူးအထူးဆပ်ပါမည်

ကျွန်တော်၏ မြန်မာနိုင်ငံကူးလက်မှတ် M-၁၅၀၅၀၆ နှင့် SID စာအုပ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ကျေးဇူးအထူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၀၃၂၁၈၉၊ ၀၉-၄၂၁၁၃၂၇၂၁**

တိုးမြှင့်ပင်စင်လစာကိစ္စ

ကျန်းမာရေးဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင်ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁ရက်မှစ၍ နိုင်ငံတော်မှ ပင်စင်လစာငွေတိုးမြှင့်ခံစားခွင့် ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားစေရန် ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထား၍ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနများသို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန

ခပ်ယူသောက်သုံးနိုင်ပါစေ

လှလေးစိန်(ရွှေလုံမြေ)

နံနက်ခင်းနေခြည်အောက်ပန်းဆိုးတန်းလမ်းမကြီးမှာ လူအများစု သွားလာလှုပ်ရှားနေကြပြီ။ ကျွန်မလည်း ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း ပန်းဆိုးတန်း ဒလဆိပ်ကမ်းစပ်၌ လေကောင်းလေသန့်ရှူရန် ဆိပ်ကမ်းလက်မှတ်ရောင်းသည့် ရုံသို့ရောက်ရှိခဲ့သည်။ ဘော်. . ဘော်. . လူပေါင်းများစွာကို ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲနေတဲ့ သင်္ဘောကြီးကို ကြည့်ရင်း "သြော်. . . လူအများ ဘဝ ဝမ်းတစ်ထွာအတွက် ရှာဖွေစားသောက်ဖို့ နေ့စဉ် မမောတမ်း လှုပ်ရှား သွားလာနေကြသည်မှာ စုန်ချည်ဆန်ချည် ဖြစ်ကြသည်။

လူပေါင်းများစွာ ဘဝအကြောင်းများစွာဖြင့် မမောတမ်း လှုပ်ရှားပြေးလွှားနေကြရသည်။ သူတို့ ဘယ်အချိန်မှာ ရပ်တန့်သွားမည်နည်း။ ကျွန်မကိုယ်တိုင်ပင် ရှောင်လွှဲလို့ မရနိုင်တဲ့ သေခြင်းတရားဆိုတဲ့ သေမင်း၏လက်တွင်းကို လူသားတိုင်း လူသားတိုင်း အနှေးနဲ့ အမြန်သွားကြရမည်မဟုတ်ပါလား။ လူပေါင်းများစွာ သင်္ဘောပေါ်မှ ဆင်းလာကြသည်။ အရောင်အသွေးစုံလင်စွာ အဖြူအစိမ်းနှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဝတ်စုံမျိုးစုံ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်သမားများ၊ လက်လုပ်လက်စား ဈေးသည်များ၊ ဒလဘက်ကမ်းက ပန်းဆိုးတန်းဆိပ်ကမ်းကိုလာ၊ ပန်းဆိုးတန်းဆိပ်ကမ်းကနေ ဒလဘက်ကို သွား အဲဒီကမှတစ်ဆင့် မိမိတို့လိုရာ ခရီးကို အဆင့်ဆင့်ခရီးဆက်နေကြရသည်။ ရန်ကုန်ဆိပ်ကမ်း ရောက်ပြန်တော့လည်း ခရီးကမဆုံး၊ လိုရာခရီးရောက်ဖို့အတွက် လိုင်းကားများကို တိုးဝှေ့စီးကြရဦးမည်။ ကားလမ်းတွေကပိတ်၊ မိမိလိုရာဌာနရောက်တော့ နောက်ကျလို့ လူကြီးအဆူခံနေရတဲ့ ဝန်ထမ်းများ၏ဘဝ၊ လူနေမှုဘဝအမောတွေ မပြေနိုင်ကြပါလားလို့ ကျွန်မတွေးမိသည်။ အဲဒီလိုပဲ ကျွန်မတို့ဘဝတွေ သံသရာလည်နေကြပါလားလို့တွေးရင်း လက်မှတ်ရုံထဲမှာ လူတွေ ရုတ်ရုတ်သဲသဲနဲ့ ဟိုတစ်စု ဒီတစ်စုနဲ့တွေ့လို့ သွားပြီး စပ်စုကြည့်မိလိုက်သည်။ ရုံးဝတ်စုံများနှင့် ရုံးဝန်ထမ်းများကိုတွေ့လိုက်ရသည်။ ဘာလုပ်တာပါလိမ့်လို့ သိချင်ဇောနဲ့ ရှေ့ကိုတိုးကြည့်မိသည်။ စာအုပ်စင်ပေါ်မှ သုတ၊ ရသ စာအုပ်တွေ၊ သတင်းစာ၊ ဂျာနယ်စုံ တွေ့ရသည်။ ဟိုလူယူဖတ်၊ ဒီလူယူဖတ် လုပ်နေသည်။ စာအုပ်စင်မှ ရေးထားတဲ့စာကို ဖတ်ကြည့်မိသည်။ "ပြည်သူ့ဝန်ဆောင်မှု" "စာပေရေချမ်းစင်" ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟူ၍ဖြစ်သည်။ စာအုပ်စင်ရဲ့အောက်ပိုင်းမှာ "ပြည်သူများ အသိပညာတိုးပွားရေးအတွက် အခမဲ့ဖတ်ရှုနိုင်ပါသည်။ ကျေးဇူးပြု၍ ဖတ်ရှုပြီးပါက ပြန်လည်ထားရှိပေးပါရန်၊ စာအုပ်များ လှူဒါန်းလိုပါကလည်း ထားရှိ လှူဒါန်းနိုင်ပါသည်"ဟု ရေးသားသည်ကို တွေ့ရသည်။

ဤစာပေရေချမ်းစင်ဆိုတဲ့ စာအုပ်စင်ကို မြင်လိုက်ရတော့ လွန်ခဲ့သော ၁၅ နှစ်ကျော်က ကျေးလက်ဒေသတွေကို ညအိပ်သွားပြီး စက်ဘီးနဲ့ တစ်မျိုး၊ ဆိုင်ကယ်နဲ့တစ်မျိုး တစ်ရွာဝင် တစ်ရွာထွက် လိုက်ငှားတဲ့ ကျွန်မတို့ အစ်ကိုဝမ်းကွဲကို သတိရမိတယ်။ မြို့ပေါ်မှာပါ ခုလို စာပေရေချမ်းစင်ကို တွေ့လိုက်ရတော့ ကျွန်မရင်ထဲမှာ ကြည်နူးရသည်။ ထိုစဉ် ခရီးသည်များ နားနေဆောင်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားတွေ အုပ်စုလိုက်ဝင်လာပြီး "စာပေရေချမ်းစင်"ကို စိတ်ဝင်စားစွာကြည့်ကြသည်။ တချို့ကလည်း ဓာတ်ပုံရိုက်ခွင့်တောင်းပြီး "စာပေရေချမ်းစင်" စာအုပ်စင်လေးကို စိတ်ပါဝင်စားစွာ ဓာတ်ပုံရိုက်ကြသည်။ စကားပြန်က ဝန်ထမ်းတစ်ဦးကို မေးသည်။ "အစ်မကြီးခင်ဗျာ၊ သူတို့က စာပေရေချမ်းစင် ဆိုတဲ့အကြောင်းကို စိတ်ဝင်စားပါတယ်၊ သိချင်လို့ ရှင်းပြပေးပါလို့ မေးနေပါတယ်ခင်ဗျာ" ဝန်ထမ်းတစ်ဦးက "ဒါ. . . ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့ဝန်ဆောင်မှုအဖြစ် စာကြည့်တိုက်မှာ အကြောင်းအမျိုးမျိုးကြောင့် စာလာမဖတ်နိုင်တဲ့ ပြည်သူတွေအတွက် ရတဲ့အချိန်လေးမှာ စာဖတ်လို့ရအောင် ခုလို လူစည်ကားတဲ့ သင်္ဘောဆိပ်၊ လေဆိပ်၊ မီးရထားဘူတာ နားနေဆောင်တွေမှာ အချိန်နဲ့တစ်ပြေးညီ ဖတ်လို့ရမယ့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ထားရှိပေးသည့်အပြင် သုတ၊ ရသ၊ ဝတ္ထုစာအုပ်များကိုလည်း အခမဲ့ဖတ်ရှုနိုင်အောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ စကားပြန်က နိုင်ငံခြားသားတွေကို ပြန်ရှင်းပြတော့ သူတို့အားလုံး သဘောပေါက်ပြီး စာအုပ်စင်ပေါ်က စာအုပ်တွေကို ယူပြီး စိတ်ဝင်စားစွာကြည့်နေကြသည်ကို ကျွန်မတွေ့လိုက်၍ ကျွန်မရင်တွင်းပီတိဖြစ်မိသည်။ သူတို့ ဘယ်နိုင်ငံကလာသည်ကို ကျွန်မတို့ မသိပါ။ သို့သော် ကျွန်မတို့ မြန်မာနိုင်ငံရဲ့ လုပ်ဆောင်ချက်ကို သူတို့ နားလည်သိရှိသဘောပေါက်သွားသည်။ သူတို့နိုင်ငံ ပြန်ရောက်လျှင် မြန်မာနိုင်ငံမှာ " စာပေရေချမ်းစင်" ဆိုတာ စာအုပ်၊ စာစောင်တွေကို အခမဲ့ ဖတ်လို့ရပြီး လူစည်ကားတဲ့ လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာတို့မှာ ရှိတယ် ဆိုတဲ့အကြောင်းကိုတော့ ပြန်ပြောမိကြလိမ့်မည်။ ကမ္ဘာမှာ မြန်မာဟော့လို့ သိလာရသည်မှာ လွန်စွာမှဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဂုဏ်ယူစရာဖြစ်သည်။ ထိုနည်းတူ နေ့စဉ် ဝမ်းတစ်ထွာအတွက် လှုပ်ရှားသွားလာနေရသော ပြည်သူများ ခဏတာ အပန်းဖြေအနားယူရင်း ရေချမ်းစင်က အေးမြသောရေကို သောက်ရင်း အမောဖြေသလို "စာပေရေချမ်းစင်" ကပေးသော အသိအမြင်များ၊ ဗဟုသုတများကို ခဏတာအနားယူရင်း ဖတ်ရှုလေ့လာကြမယ်ဆိုရင် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိ၍ အမှားကိုရှောင် အမှန်ကိုဆောင်နိုင်သူသည် လူလိမ္မာဖြစ်သည်။

စာပေဖတ်သူများသည် မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခေတ်နောက်မကျန်ခဲ့၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလိုက်နိုင်ပြီး တိုးတက်ဖြစ်ပေါ်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိရသည်။ ခေတ်အမြင် ခေတ်အသိ ဗဟုသုတများကို တိုးပွားစေသည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး၊ ဇာတိသွေး ဇာတိမာန် ထက်မြက်ရေး လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်ရေးတို့အတွက် စာပေများက ညွှန်းဆိုလမ်းပြနိုင်သည်။ သို့ဖြစ်ပေရာ "စာအုပ်စာပေ၊ လူ့မိတ်ဆွေ"၊ "အသိမှာ စာမှာရှိ"ဟူသော စကားများသည် စာဖတ်ခြင်း၏တန်ဖိုးကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။ ပြည်သူများအားလုံးသည် အသိအမြင် ဗဟုသုတကြွယ်ဝစေရန် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသင့်ကြသည်။ ဤလုပ်ငန်းစဉ် အရှည်တည်တံ့ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ဖို့ လိုပေသည်။ ဌာနဆိုင်ရာဝန်ထမ်းများက တက်ညီလက်ညီ စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုသည်။ပြည်သူတွေကြားမှာ နေထိုင်ရှင်သန်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေဖြစ်သည်နဲ့အညီ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြဖို့ လိုပေသည်။

အများပြည်သူ ဗဟုသုတ တိုးပွားစေဖို့အတွက် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ရှိ မြို့ကြီးများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များကို မည်သူမဆို အခမဲ့ ဖတ်ရှုနိုင်သည့် "ပြည်သူ့ဝန်ဆောင်မှု"၊ "စာပေရေချမ်းစင်"များကို လေဆိပ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် လူစည်ကားရာနေရာများတွင် ထားရှိပေးလျက်ရှိသည်မှာ လွန်စွာမှ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ဝမ်းတစ်ထွာအတွက် လှုပ်ရှားသွားလာနေကြသော ပြည်သူတွေအတွက် ခရီးတစ်ထောက်အနားမှ ငွေကုန်သက်သာ အမောပြေစိတ်အာဟာရကိုရစေသည့် "စာပေရေချမ်းစင်"သည် ပြည်သူတွေကို မိနစ်အနည်းငယ်အတွင်း ဗဟုသုတများစွာ ပေးနိုင်ပါစေ၊ ပြည်သူတွေကလည်း "စာပေရေချမ်းစင်"က ပေးသည့် စာအာဟာရကို အပြည့်အဝ ခပ်ယူ သောက်သုံးနိုင်ကြပါစေလို့ ဆုတောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



သီပေါမြို့မှ ရှေးဟောင်းဘုရားကြီးသုံးဆူအား ဝန်ချီစက်ဖြင့် ပင့်ဆောင်ပူဇော်

သီပေါ ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ မြို့လယ်ဓမ္မာရုံကြီး၌ ရှေးယခင်စော်ဘွားကြီးများလက်ထက် နှစ်ပေါင်းတစ်ရာခန့်က ကိန်းဝပ်စံပယ်တော်မူခဲ့သော ရှေးဟောင်းဗုဒ္ဓဆင်းတုတော်မြတ်ကြီး သုံးဆူအား ပြန်လည်တည်ဆောက်လျက်ရှိသည့် မဟာသာသနဗိမာန်တော်ကြီးနှင့် ဝေဟင်စေတီမွေ့စေတီတော်ကြီး၏ ဒုတိယအထပ်လှေ့ာရှိ ဘုရားခန်းမဆောင်သို့ ဝန်ချီစက်ဖြင့် ပင့်ဆောင် တင်ယူခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ သီပေါမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူပြီး အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများက အိုးစည် လင်ကွင်း ဗုံမောင်းများဖြင့် တက်ရောက်ကြည်ညိုခဲ့ကြသည်။ နံနက် ၉ နာရီခွဲတွင် အဆိုပါ ဗုဒ္ဓဆင်းတုတော်မြတ်ကြီး သုံးဆူအား ဝန်ချီစက်အကူအညီဖြင့် ဒုတိယအထပ်လှေ့ာရှိ ဘုရားခန်းမဆောင်ပေါ်သို့တစ်ဆူချင်း အောင်မြင်စွာ ပင့်ဆောင်နိုင်ခဲ့ကြပြီး ဆရာတော်များဦးဆောင်၍ "အောင်ဆုထူး" ဘုရားရှိခိုးဂါထာဖြင့် ပူဇော်ကြသည်။

၎င်းနောက် ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး သီပေါမြို့လယ်ဓမ္မာရုံကြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ရေစက်ချ အမျှအတန်းပေးဝေခဲ့ကြကြောင်း သိရသည်။ **(သီပေါကိုလတ်)**

ပုဂ္ဂလိကဆေးရုံကြီးများ မီးဘေးကာကွယ်ရေးဟောပြောသရုပ်ပြ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်ရှိ ဝစ္စလီ ပုဂ္ဂလိက အထွေထွေရောဂါကုဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေ ဦးစီး၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံ မီးဘေးကာကွယ်ရေးအတွက် စစ်ဆေး ဟောပြောပြီး လက်တွေ့သရုပ်ပြလေ့ကျင့်မှုပြုလုပ်ခဲ့ရာ ဆေးရုံဝန်ထမ်းများနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ အလားတူ တပ်ဦးသီတာရပ်ကွက် သပြေညို ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံကြီးတွင်လည်း မီးဘေးကာကွယ်ရေး ဟောပြောလေ့ကျင့်မှုများ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

သိန်းစိုး(ကလေး)

ဝဏ္ဏားလှိုင်းအတွက် မွေးနေ့ဆုတောင်း

၁၄-၂-၂၀၁၃ရက်မှ ရာသက်ပန် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ပျော်ရွှင်ကြည်နူးနိုင်ပါစေ။

မြစောအောင်(ချောင်းဦး)

အမည်မှန်

ဦးကွမ်ထွဲ၏သား နမ္မတီး အထက နဝမတန်း(C)မှ မောင်ထိန်နန်ဖောင်၏ အမည်မှန်မှာ မောင်ထိန်နန်ဖော် ဖြစ်ပါသည်။

မောင်ထိန်နန်ဖော်

အမည်မှန်

ဦးကရိုင်ဘောက်တောင်၏သား မြစ်ကြီးနားမြို့၊ (အလက)လေ့ကျင့်ရေးကျောင်း၊ အဋ္ဌမတန်း(ခ)မှ မောင်ဂရိုင်ဂမ်မိုင်၏ အမည်မှန်မှာ မောင်ကရိုင်ဂမ်မိုင်၊ ဆဋ္ဌမတန်း(ခ)မှ မောင်ဂရိုင်နော်ရိုင်၏ အမည်မှန်မှာ မောင်ကရိုင်နော်ရိုင် ဖြစ်ပါသည်။

မောင်ကရိုင်ဂမ်မိုင်၊ မောင်ကရိုင်နော်ရိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခင်ညွှန့်၏သမီး မရှုဝါဝင်းခင် (ခ) မရှုဝါဝင်း ၁၄/ခနဖ(နိုင်) ၁၅၆၇၇၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မရှုဝါဝင်းခင်(ခ)မရှုဝါဝင်း

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၉၆၇၅၂၊ အမျိုးအမည် Jialing 90 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းမောင် ၅/ဘတလ(နိုင်)၀၀၆၆၉၇ က ယာဉ်မှတ်ပုံတင်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၁၃၁၇၊ အမျိုးအမည် Honda C90 Custom အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဖြိုး ၉/အမရ(နိုင်)၁၂၀၈၀၂က ယာဉ်မှတ်ပုံတင်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကျောက်စိမ်းရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၁၄-၂-၂၀၁၃ ရက်တွင် ကျရောက်သော ပါပါး ဦးစိန်ဝင်းနှင့် မာမား ဒေါ်ရီရီအေး (ရှုတိုင်းယဉ်ရွှေဆိုင်၊ အောင်ပန်း)တို့၏ (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာရက်မြတ်မှသည် သားသမီး မြေးမြစ်များနှင့်အတူ ကျန်းမာသောကိုယ်၊ ချမ်းသာသောစိတ်ဖြင့် တွဲလက်မပျက်မေတ္တာထပ်လျက် ကောင်းမှုကုသိုလ်များကို မပြတ်ပြုလုပ်ရင်း အသက်ရာကျော်တိုင်အောင် အေးချမ်းပြည့်စုံသောဘဝကို ဖြတ်သန်းနိုင်ပါစေလို့... ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားသမီးများ

ကိုမျိုးသီဟ-မစုစုဇင်(ရှုတိုင်းယဉ်ရွှေဆိုင်၊ ရန်ကုန်)
မသီတာခိုင်(Diamond & Me Jewellery Shop)
Mr. Fred Phan-မနွယ်နွယ်ဝင်း၊ မြေး Sophie Phan
ဒေါက်တာအောင်ကျော်စိုး-မမေရည်ဝင်း၊ မြေး Jeremy Soe(ခေတ္တ New York, US)
မစုရည်ဝင်း
ဒေါက်တာသီသီဝင်း
မခင်စုစုဝင်း
မောင်ရန်နိုင်ထွေး

ကြော်ငြာ

Request for Expressions of Interest
The Republic of the Union of Myanmar
National Community Driven Development Project
IDA Grant H 814-MM
Assignment Title: Township Level Technical Assistance
Reference No: C-4.1, C-4.2, C-4.3

The Republic of the Union of Myanmar has received financing from the World Bank towards the cost of its National Community Driven Development Project, which is being implemented by the Department of Rural Development (DRD) of the Ministry of Border Affairs. The Government intends to apply part of the proceeds for the hiring of consulting services. The consulting services (‟the Services”) include:

- The provision of institutional support, capacity development and technical assistance to the township DRD office in the implementation of the Project, including providing data for the project's monitoring and Management Information System (MIS) and tracking and reporting on performance indicators and project progress;
  -The recruitment and training of community facilitators (with each responsible for about two village tracts) to assist village tract forums with the preparation and annual revision of tract development plans, the approval and implementation of sub-projects, and the organization of annual social audits;
- Assistance to village tract forums to manage project funds in a transparent and accountable manner;
- Support to DRD engineers and village level committees for the preparation and technical design of sub-projects, including procurement and the identification and adequate mitigation of potential negative environmental and social impacts;
- Support to the township DRD office in adapting project informational materials to local context and ensuring wide outreach to and communication and consultation with local stakeholders;
- Support to the grievance handling system in line with standards established by the DRD project secretariat.
  During its first year of operation, the Project will begin operation in one township each in Chin State, Shan State and Thanintharyi Region. While the township selection is being undertaken, DRD now invites eligible consulting firms or NGOs (‟Consultants”) to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services in one or several of these townships. The shortlisting criteria are:
- Past experience with community based development activities in similar conditions as in Myanmar, with prior experience in Myanmar preferred;
- Availability of staff with relevant expertise, with all staff fluent in Myanmar language and community facilitators also fluent in local languages (depending on final township selection);
- Size of contracts over the past five years.
  The Services are expected to be carried out by a Consultant team of six experts: lead CDD/training specialist, finance officer, procurement officer, M&E officer, infrastructure specialist and communications specialist. The assignment period will be 24 months.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers (January 2011) (Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other NGOs/firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A consultant will be selected in accordance with the QCBS or QBS method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours from 0900 to 1600. Expressions of Interest must be delivered in written form to the address below (in person, or by mail, fax, or email) by Febuary 25,2013.

Department of Rural Development, Ministry of Border Affairs
Attn: U Myint Oo, Deputy Director General
Chairperson of the Procurement Committee
National Community Driven Development Project
Department of Rural Development
Ministry of Border Affairs
Office Number 14
Nay Pyi Taw
Myanmar
Fax:+95-67-409029
Email to all these email addresses: myint.oo. dda@gmail. com; Kzaw. dda@ gmail. com; naing 7.KoKo@gmail. com.



သင့်သွေးဖြင့်
အသက်ကယ်ပါ

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဘောက်အောန် ၁/မကန(နိုင်)၁၇၄၁၁၇သည် မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ် ၃၄၇/က၊ ဦးပိုင်အမှတ်၉၃/၄၊ကွင်းအမှတ် ၁၅/၂(အုတ်ကျင်းအနောက်)၊ အလျား၊ အနံပေ(၈၀×၅၀)ရှိ အိမ်နှင့်ခြံအား ၁၉-၁၁-၂၀၁၁ ရက်တွင် စာချုပ်စာတမ်းများအပြည့်အစုံဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ယနေ့တိုင် ကျွန်မတစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဘောက်အောန်
၁/မကန(နိုင်)၁၇၄၁၁၇
မြစ်ကြီးနားမြို့

နွေရာသီပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

၁။	**သင်တန်းဖွင့်မည့်နေရာ**	(က) အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့။ (ခ) အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့။
၂။	**အသက်**	အသက်(၅)နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။
၃။	**သင်တန်းသားခေါ်ယူခြင်း**	၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှ မတ် ၄ရက်အထိ
၄။	**သင်တန်းစတင်ဖွင့်မည့်ရက်**	၂၀၁၃ ခုနှစ် မတ် ၄ရက်
၅။	**သင်တန်းကာလ**	ရက်သတ္တပတ်လေးပတ်
၆။	**တက်ရောက်လိုသောသင်တန်း**	(က) ပန်တျာ (အဆို/အက) (ခ) ပန်းချီ (အခြေခံအဆင့် သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။ (တန်းမြင့်သင်တန်းပြီးဆုံးပါက သင်ရိုးကုန်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
၇။	**သင်တန်းအချိန်**	နံနက် ၀၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
၈။	**သင်တန်းကြေး**	၁၅၀၀၀ိ/-ကျပ်
၉။	**လျှောက်လွှာ**	သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်- (က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်) အမှတ် ၁၃၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး) ၆၆ လမ်း၊ ၁၄×၁၅ လမ်းကြား၊ မန္တလေး။



ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၂ခုနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(စီ)ရုံရှိ GANO EXCEL ကုမ္ပဏီအစည်းအဝေးခန်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်း သားများနှင့် ရွှေတောင်မြို့သူမြို့သားများ တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့ပါ။)**

အသင်းသားများ၏ သားသမီးများအနက် ၂၀၁၁-၂၀၁၂ စာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ လိုအပ်သည့်အထောက်အထားများ တစ်ပါတည်းယူဆောင်လာရမည် ဖြစ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၈၅

ဦးရဲထွန်း **နှင့်** ဒေါ်နန်းခင်သီတာဝင်း
အမှတ် ၁၁၀၊ ဘရဏီ၂လမ်း၊၁၂ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

တရားလို **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်နန်းခင်သီတာဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ ၈၄သိန်းနှင့် နစ်နာကြေး ၁၇သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော်၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဦးသူရမည်

ဈေး၊ကျောင်း၊ကားဂိတ်နီး၊လမ်းမကြီးကျောကပ်လမ်း ပေ(၂၀×၆၀)၊ သစ်သားအိမ် မွမ်းမံပြင်ဆင်ပြီး ရေ၊ မီးစုံ စက်မှုဇုန်အနီး ရွှေ့ရေးအလားအလာကောင်း(၇၂)ရပ်ကွက်၊ တောင်ဒဂုံ၊ ကျပ်သိန်း ၁၄၅ သိန်း။
ဖုန်း-၇၃၁၃၅၄၄၄၊ Face book -Zar Manee

ကန့်ကွက်နိုင်ပါကြောင်း

(ဃ) ရေယာဉ်ကို တူးဖော်ဆယ်ယူရန် ခွင့်ပြုချက်ထုတ်ပေးသည့်နေ့မှ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူဖယ်ရှားရမည်။ တူးဖော်ဆယ်ယူ၍ ဖယ်ရှားခြင်းမရှိက တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ပေးရန် ဤအဖွဲ့သို့ လျှောက်ထားရမည်။ ခွင့်ပြုချက်ရရှိပါက ပထမအကြိမ်အတွက် တန်ဖိုး၏ ၁၀ % ကို လည်းကောင်း၊ ဒုတိယအကြိမ်အတွက် ၂၀ % ကို လည်းကောင်း ဒဏ်ကြေးအဖြစ် နှစ်စဉ်ပေးဆောင်ရမည်။ နှစ်ကြိမ်သက်တမ်းတိုးမြှင့်ပြီးသည့်တိုင် ဖော်ယူခြင်းမပြုနိုင်ပါက ပေးသွင်းထားသည့် ငွေအားလုံးကိုသိမ်းယူပြီး တူးဖော်ဆယ်ယူခွင့်ကို ရုပ်သိမ်းခြင်းခံရမည်။

(င) ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်အပါအဝင် မျှော်မှန်း၍ မရနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ၊ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြောင်းကျိုးခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလ တိုးမြှင့်ပေးရန် နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (ခ)အရ တင်ပြနိုင်သည်။

(စ) တူးဖော်ဆယ်ယူသော ရေယာဉ်များအား ပြန်လည်ပြင်ဆင်ခြင်း၊ ရောင်းချခြင်းကိုလည်းကောင်း၊ သံကုန်ကြမ်းအဖြစ် ရောင်းချခြင်းကို လည်းကောင်း ပြုလုပ်နိုင်သည်။

(ဆ) တူးဖော်ဆယ်ယူသော ရေယာဉ်အားရောင်းချပြီး နောက်ပိုင်းတွင် ပေါ်ပေါက်သောအရှုပ်အရှင်းများ၊ ယခင် မရောင်းချမီက ပေးဆောင်ရန်ရှိမှုများအတွက် ဖော်ယူခွင့်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း၌သာ တာဝန်ရှိသည်။

(ဇ) တူးဖော်ဆယ်ယူသော ရေယာဉ်များအတွင်းမှ လက်နက်ခဲယမ်းနှင့် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းများအားတွေ့ရှိပါက အနီးဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ အပ်နှံရမည်။

(ဈ) တူးဖော်ဆယ်ယူသော ရေယာဉ်များအတွင်းမှ တန်ဖိုးရှိသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ သယံဇာတပစ္စည်းများ သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းများတွေ့ရှိပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အပ်နှံရမည်။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၄။ တူးဖော်ဆယ်ယူခွင့်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းသည် တူးဖော်ဆယ်ယူခြင်း၊ ဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် အောက်ပါအမှတ်အသားများကို အမြဲတမ်း ပြသထားရမည်-

(က) နေ့အချိန်အလံနီလွှင့်ထူထားရမည်။

(ခ) ညအချိန်မီးနီချိတ်ထားရမည်။

(ဂ) မိုးမှောင်ကျစဉ် မီးနီချိတ်ထားရမည်။

(ဃ) အဆိုပါ အလံနီနှင့် မီးနီအရွယ်အစား၊ အလင်းရောင်စွမ်းအားကို တစ်မိုင်အကွာအဝေးမှ ထင်ရှားစွာမြင်နိုင်ရမည်။

(င) ဆီးနှင်းထူထပ်စွာကျရောက်နေစဉ် သတ်မှတ်ထားသောအသံဖြင့် အချက်ပေးရမည်။

၅။ အကြောင်းတစ်ခုခုကြောင့် ဖော်ယူခြင်းလုပ်ငန်းကို တစ်ပိုင်းတစ်စနှင့် ထားပစ်ခဲ့လျှင် ရေလမ်းကြောင်း အန္တရာယ်ဖြစ်ပေါ်မှုအတွက် သတ်မှတ်ထားသော ရေယာဉ်တန်ဖိုး၏ ၁၀၀% အထိ ဒဏ်ကြေးပေးဆောင်ခြင်း သို့မဟုတ် တရားဥပဒေအရ အရေးယူခြင်းခံရမည်။

၆။ ဤစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် သတ်မှတ်ထားသော အာမခံ စပေါ်ငွေပေးသွင်းပြီး ခံဝန်ချုပ်ချုပ်ဆိုရမည်။

ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း/ရွှေကျင်ခြင်း၊
ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း
လုပ်ငန်းဆိုင်ရာစည်းကမ်းချက်များ
[နည်းဥပဒေ ၆၁ (တ)/၆၉ (တ)]

၁။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း/ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုချက် သို့မဟုတ် ထောက်ခံချက်ဖြင့် လုပ်ကိုင်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ငန်းများ ဆောင်ရွက်နေစဉ် အောက်ပါအမှတ်အသားများကို အမြဲတမ်းပြသရမည်-

(က) နေ့အချိန် အလံနီလွှင့်ထူထားရမည်။

(ခ) ညအချိန် မီးနီချိတ်ထားရမည်။

(ဂ) မိုးမှောင်ကျစဉ် မီးနီချိတ်ထားရမည်။

(ဃ) အဆိုပါအလံနီနှင့် မီးနီအရွယ်အစား၊ အလင်းရောင်စွမ်းအားကို တစ်မိုင်အကွာအဝေးမှ ထင်ရှားစွာမြင်နိုင်ရမည်။

(င) ဆီးနှင်းထူထပ်စွာကျရောက်နေစဉ် သတ်မှတ်ထားသောအသံဖြင့် အချက်ပေးရမည်။

၂။ အထက်အပိုဒ် ၁ ပါ လုပ်ငန်းကို လုပ်ကိုင်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) မြစ်ချောင်းအတွင်းရေလမ်းကြောင်းတွင် ခုတ်မောင်းသွားလာနေသော ရေယာဉ်များကို ပိတ်ဆို့ဆောင်ရွက်ခြင်း သို့မဟုတ် အဟန့်အတားဖြစ်စေခြင်းမပြုရ။ ထို့ပြင် ထိုရေယာဉ်များကိုလည်း အန္တရာယ်မဖြစ်စေရ။

(ခ) သက်ဆိုင်သည့် ရေကြောင်းသွားလာမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စည်းကမ်းဥပဒေများကို လိုက်နာရမည်။

(ဂ) တူးဖော်ထုတ်လုပ်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများ၊ တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဃ) ရေထု ညစ်ညမ်းစေမည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် တစ်စုံတစ်ရာ မပြုလုပ်ရ။

(င) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သောစည်းကမ်းချက်များကို လိုက်နာရမည်။

၃။ အထက်အပိုဒ် ၁ ပါ ရွှေကျင်ခြင်း၊ ရွှေသတ္တု တူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရေးအတွက် သတ်မှတ်ထားသော အာမခံ စပေါ်ငွေကို ပေးသွင်းပြီး ဦးစီးဌာနတွင် ခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

(ခ) တူးဖော်ထုတ်လုပ်ပြီး မလိုအပ်သော စွန့်ပစ်တူးစာများကို ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဘဲ သတ်မှတ်ပေးထားသော နေရာများတွင်သာ စွန့်ပစ်ရမည်။

၄။ အဆိုပါလုပ်ငန်းကို ခွင့်ပြုချက် သို့မဟုတ် ထောက်ခံချက်ဖြင့် လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) မမျှော်လင့်သော ရေကြောင်းလမ်း ပျက်စီးမှု၊ ရေထုညစ်ညမ်းမှုများနှင့် မြစ်ချောင်းကို ပျက်စီးစေနိုင်သော အခြားအကြောင်းများ ဖြစ်ပေါ်လာပါက လုပ်ငန်းဆောင်ရွက်ခွင့်အား ချက်ချင်းရပ်စဲခြင်းခံရမည်။

(ခ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေနှင့် နည်းဥပဒေများပါ တာဝန်များကိုလည်းကောင်း၊ အထက်အပိုဒ် ၁၊ ၂ နှင့် ၃ တို့ပါ တာဝန်များကိုလည်းကောင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများပါ တားမြစ်ချက်များကိုလည်းကောင်း၊ အထက်အပိုဒ် ၁၊ ၂ နှင့် ၃ တို့ပါ တားမြစ်ချက်များကိုလည်းကောင်း ကျူးလွန်ဖောက်ဖျက်ခြင်းမပြုရ။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နောက်ဆက်တွဲ (ဂ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း
တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဖောတံတားနှင့် ရေဆင်းတံတားဆောက်လုပ်ခြင်း၊
မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ
[နည်းဥပဒေ ၇၇(ခ)]

၁။ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဖောတံတား သို့မဟုတ် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင် ရရှိသူသည်-

(က) သတ်မှတ်ပေးထားသော မြေနေရာ၊ အရွယ်အစား ဒီဇိုင်းပုံစံအတိုင်းသာ ဆောက်လုပ်ရမည်။ ရေဆင်းတံတားများတွင် လူနေထိုင်ခြင်းမပြုရ။ ရေယာဉ်များဆိုက်ကပ်ပြုပြင်ရန် သို့မဟုတ် ခရီးသည် အတက်အဆင်းနှင့် ကုန်တင်ကုန်ချပြုလုပ်ရန်အတွက်သာ ဖြစ်ရမည်။

(ခ) ပြန်လည်ပြုပြင်ခြင်း၊ ပုံစံပြောင်းခြင်းများကို ဆောင်ရွက်သွားလိုပါက ခွင့်ပြုချက်ပြန်လည်ရယူရမည်။

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းလုပ်ကိုင်စေခြင်းမပြုရ။

(ဃ) မြေခွန်၊ မီးခွန်စသော အခြားအခွန်အခများနှင့် အရှုပ်အရှင်းများအားလုံး ဆောက်လုပ်သူမှသာ တာဝန်ယူရမည်။

(င) နိုင်ငံတော်၏ လိုအပ်ချက်ရှိပါက မူလအတိုင်း ရှင်းလင်းဖယ်ရှားပေးရမည်။

(စ) ရေထုညစ်ညမ်းမှုဖြစ်စေသော ကိစ္စများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သော ကိစ္စများအားလုံး မပြုလုပ်ရ။

(ဆ) အဆောက်အအုံ မဆောက်လုပ်မီ၊ ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ပြီးချိန်တွင် စစ်ဆေးခံရမည်။

(ဇ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သော အခြားစည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

၂။ အထက်အပိုဒ် ၁ ပါ လုပ်ငန်းလိုင်စင် ရရှိသူသည်-

(က) အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် ရေလမ်းပြုပြင်ထိန်းသိမ်းခအဖြစ် ပေးဆောင်ရန်ရှိသော အခွန်ငွေအား တစ်လအတွက် တစ်စတုရန်းပေလျှင် ၁၀ ကျပ်နှုန်း သတ်မှတ်ထားရာ ယင်းအခွန်ငွေအား ခွင့်ပြုသည့်နေ့မှ ၁၅ ရက်အတွင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။ တစ်နှစ်စာအတွက် တစ်လုံးတစ်ခဲတည်း ပေးသွင်းရမည်ဖြစ်ပြီး နှစ်စဉ်ကြေးအား တစ်နှစ်မပြည့်မီ ၁၅ ရက် ကြိုတင်၍ ဦးစီးဌာနသို့ ပေးသွင်းသွားရမည်။

(ခ) အထက်အပိုဒ် ၁ ပါ စည်းကမ်းချက်များကိုလည်းကောင်း၊ ဤအပိုဒ် ၂ (က) ပါ စည်းကမ်းချက်များကို လည်းကောင်း၊ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင် သတ်မှတ်ထားသော အာမခံစပေါ်ငွေ ပေးသွင်းပြီး ခံဝန်ချုပ် ချုပ်ဆိုရမည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နောက်ဆက်တွဲ(ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံးသဲများ၊
ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းဆိုင်ရာ
အခွန်အခများ
[နည်းဥပဒေ ၈၁(က)]

၁။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းအတွက် အခကြေးငွေများ

စဉ်	အမျိုးအစား	အတိုင်းအတာ	နှုန်းထား	မှတ်ချက်
၁။	သဲ	တစ်စတုရန်းမီတာ	၃၇၅ကျပ်	
၂။	ကျောက်စရစ်	״	၃၇၅ကျပ်	
၃။	လမ်းခင်းကျောက်အပါအဝင် အလှဆင်ကျောက်၊ထုံးကျောက်၊ လိပ်သဲကျောက် စသည့် ကျောက်အမျိုးမျိုး	״	၃၇၅ကျပ်	
၄။	မြေအုတ်၊ ကွန်ကရစ်အုတ်	״	၂၅၀ကျပ်	
၅။	သစ်၊ သစ်လုံး၊ မျော	״	၂၅၀ကျပ်	
၆။	ဝါး၊ ဓနိ	״	၁၂၅ကျပ်	
၇။	အခြားပစ္စည်းတစ်မျိုးမျိုး	״	၁၂၅ကျပ်	

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စုပုံထားသော တည်ဆောက်ရေး လုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ၏ အတိုင်းအတာကို လိုအပ်ပါက တိုင်းတာစစ်ဆေးခြင်း ပြုနိုင်သည်။

ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (င)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခနှင့် အခြားအခွန်အခများ
(နည်းဥပဒေ ၈၉)

၁။ ရေလမ်းအကောက်စခန်းများတွင် ကောက်ခံမည့် ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်ခများ

စဉ်	အမျိုးအစား	ပုံသေနှုန်းထား	တစ်တန်နှုန်း	ထပ်တိုးတန်နှုန်း	မှတ်ချက်
၁။	စက်တပ်ပဲ့ထောင်ရေယာဉ် ၅၉ ပေနှင့် အောက်	၅၀ကျပ်	-	-	
၂။	၅၉ ပေအထက်ရှိရေယာဉ်များ				
	၁ တန်မှ တန် ၁၀၀ ထိ ရေယာဉ်	-	၁၀ကျပ်	-	
	တန် ၁၀၀အထက်ရေယာဉ်	-	၁၀ကျပ်	၇ကျပ်	
၃။	သစ်ဖောင်၊ ဝါးဖောင်အတွက်				
	(က) သစ်လုံးတစ်လုံး	၆ကျပ်			
	(ခ) မျောတိုင်တစ်လုံး	၁ကျပ်			
	(ဂ) ဝါးလုံးတစ်လုံး	၅၀ပြား			

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖြတ်သန်းသော ရေယာဉ်များ၏ အတိုင်းအတာနှင့် ဝန်တင်ပမာဏတို့အား လိုအပ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တိုင်းတာစစ်ဆေးခြင်း ပြုနိုင်သည်။

၃။ ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်ခအတွက် ပြေစာမထုတ်ပေးမီထိ ရေယာဉ်အား ခေတ္တရပ်တန့်ထားရမည်။

ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

ပုံစံ (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်လျှောက်လွှာပုံစံ
(နည်းဥပဒေ ၂၉)

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပို့ဆောင်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ----------------

အကြောင်းအရာ။ **နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူ/ အဖွဲ့အစည်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ)နှင့်

အချပ်ပို (စ) သို့ *

နည်းဥပဒေများ

✻ အချပ်ပို(င) မှ

နည်းဥပဒေ ၂၉ တို့အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုပါရန် အောက်ဖော်ပြပါအချက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ --॥

(ခ) လျှောက်ထားသူ၏ လူမျိုး/ ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ် လိပ်စာ--॥

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း အမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ --॥

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဆ) ပေးသွင်းထားသည့် အာမခံစပေါ်ငွေပမာဏနှင့် ပေးသွင်းသည့် ရက်စွဲ၊--॥

(ဇ) ရေယာဉ်နစ်မြုပ်သည့် နေရာ၊ မြေပုံအညွှန်း၊ --॥

(ဈ) နစ်မြုပ်ရေယာဉ်အမျိုးအစား၊ --॥

(ည) နစ်မြုပ်ရေယာဉ်အတိုင်းအတာ/တန်ချိန်(ခန့်မှန်း) --॥

(ဋ) နစ်မြုပ်ရေယာဉ်၏ ရာဇဝင်အကျဉ်း၊--॥

(ဌ) နစ်မြုပ်ရေယာဉ်၏ ခန့်မှန်းတန်ဖိုး၊ --॥

(ဍ) နစ်မြုပ်ရေယာဉ်နှင့် စပ်လျဉ်း၍ အရှုပ်၊ အရှင်းမရှိကြောင်း ထောက်ခံချက် ထုတ်ပေးသည့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အမည်နှင့် ထုတ်ပေးသည့် ရက်စွဲ၊--॥

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား နစ်မြုပ်ရေယာဉ် ဖော်ယူခွင့်ပြုပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ရရှိပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ မူရင်း(ရှိလျှင်)။
(ခ) အာမခံစပေါ်ငွေ ပေးသွင်းသည့် ပြေစာ အထောက်အထား။
(ဂ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်များ။
(ဃ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ် မိတ္တူ။
(င) --॥
(စ) --॥
(ဆ) --॥
(ဇ) --॥

လက်မှတ်၊ ------------------------
လျှောက်ထားသူ အမည်------------------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် ------------------------
ကိုယ်စားလှယ်အမည် ------------------------
ဆက်သွယ်ရန်လိပ်စာ၊------------------------
ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊------------------------॥

ပုံစံ (၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
နစ်မြုပ်ရေယာဉ် ဆယ်ယူရန်အတွက်
ခွင့်ပြုချက် အမှတ် (/   )
(နည်းဥပဒေ ၃၃)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နစ်မြုပ်ရေယာဉ်အား ဖော်ယူ၍ ဆယ်ယူခွင့်ပြုရန် လျှောက်ထားချက်အပေါ် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ /ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ပြချက်ကိုစိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား နစ်မြုပ်ရေယာဉ်ကိုဖော်ယူ၍ ဆယ်ယူခွင့်ပြုရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဃ) နှင့် နည်းဥပဒေ ၃၃ တို့အရ ဤခွင့်ပြုချက်ကို ထုတ်ပေးလိုက်သည်-

(က) ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း အမည်၊ --॥

(ခ) ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ --॥

(ဂ) ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ --॥

(ဃ) ခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ် ရက်စွဲနှင့် တည်နေရာလိပ်စာ၊ --॥

(င) နစ်မြုပ်ရေယာဉ် အမည်နှင့် မှတ်ပုံတင်အမှတ်၊ --॥

(စ) နစ်မြုပ်ရေယာဉ်အတိုင်းအတာ /တန်ချိန် (ခန့်မှန်း)၊--॥

(ဆ) နစ်မြုပ်ရေယာဉ် တည်နေရာ၊ --॥

(ဇ) မူလရေယာဉ်ပိုင်ရှင်အမည်၊ --॥

(ဈ) ခွင့်ပြုချက် ထုတ်ပေးသည့် ရက်စွဲ၊ --॥

(ည) ခွင့်ပြုချက် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ --॥

၂။ ခွင့်ပြုချက်ရရှိသည့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းသည်-

(က) အဆိုပါ နစ်မြုပ်ရေယာဉ်အား ဤခွင့်ပြုချက် ထုတ်ပေးသည့်နေ့ရက်မှစပြီး တစ်နှစ်အတွင်း တူးဖော်ဆယ်ယူပြီး ဖယ်ရှားရမည်။
(ခ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများနှင့် နည်းဥပဒေ နောက်ဆက်တွဲ (က) ပါ စည်းကမ်းချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။
(ဂ) နစ်မြုပ်ရေယာဉ်များ ဖော်ယူဖယ်ရှားရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

စာအမှတ် ၊ ------------------------
ရက်စွဲ ၊ ------------------------

ပုံစံ(၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
နစ်မြုပ်ရေယာဉ်ဖော်ယူ၍ ဆယ်ယူခွင့်သက်တမ်းတိုးမြှင့်ခွင့်ပြုရန်
လျှောက်လွှာပုံစံ
[နည်းဥပဒေ ၃၈ (ခ)/၄၀]

သို့

ဥက္ကဋ္ဌ
နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့/
ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ရက်စွဲ ၊ ------------------

အကြောင်းအရာ။ **နစ်မြုပ်ရေယာဉ် ဖော်ယူ၍ ဆယ်ယူခွင့်သက်တမ်း တိုးမြှင့်ခွင့်ပြုရန် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူ/အဖွဲ့အစည်းသည်ပို့ဆောင်ရေးဝန်ကြီးဌာန၏------------ ရက်စွဲပါခွင့်ပြုချက် အမှတ် (-------------) ဖြင့် နစ်မြုပ်ရေယာဉ်အား ဖော်ယူ၍ ဆယ်ယူခွင့်ရထားသူဖြစ်ပါသည်။ ထိုသို့ ဖော်ယူရာတွင် ခွင့်ပြုချက်ပေးသည့်နေ့မှ တစ်နှစ်အတွင်း ကြိုးစားပြီးဆယ်ယူ၍ ဖယ်ရှားသော်လည်း အပြီးဖော်ယူဖယ်ရှားနိုင်ခြင်း မပြုနိုင်သဖြင့် နစ်မြုပ်ရေယာဉ်အား ဖော်ယူ၍ ဆယ်ယူခွင့် ပထမအကြိမ်/ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ ၃၈ (ခ)၊ ၄၀ အရ အောက်ဖော်ပြပါအချက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ --॥

(ခ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(ဂ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့်တည်နေရာလိပ်စာ --॥

(ဃ) တူးဖော်ရေယာဉ်အမည်နှင့် မှတ်ပုံတင်အမှတ်၊ --॥

(င) နစ်မြုပ်ရေယာဉ် အတိုင်းအတာ/တန်ချိန်(ခန့်မှန်း)၊ --॥

(စ) နစ်မြုပ်ရေယာဉ် တည်နေရာ၊ --॥

(ဆ) မူလတူးဖော်ဆယ်ယူရန် ခွင့်ပြုချက်အမှတ်/ရက်စွဲ၊ --॥

(ဇ) တူးဖော်ဆယ်ယူခွင့်ပြုသည့်ကာလ၊ --॥

(ဈ) ပထမအကြိမ်/ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားရသည့် အကြောင်းအရင်း၊ --॥

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ခွင့်ပြုပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ခွင့်ရရှိပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏--------- ရက်စွဲပါ ခွင့်ပြုချက် မိတ္တူ။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်များ။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့် မှတ်ပုံတင်လက်မှတ် မိတ္တူ။
(ဃ) --॥
(င) --॥

လက်မှတ်၊ ------------------------
လျှောက်ထားသူ အမည်------------------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် ------------------------
ဆက်သွယ်ရန်လိပ်စာ၊------------------------
ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊------------------------

ပုံစံ (၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့
နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူရန် သက်တမ်းတိုးမြှင့်ပေးခြင်းအတွက်
ခွင့်ပြုချက်အမှတ်(/   )
[နည်းဥပဒေ ၃၉ (က)/၄၁]

၁။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့/ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ ၃၉ (က)၊ ၄၁ တို့အရ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်သက်တမ်းကို (ပထမအကြိမ်/ ဒုတိယအကြိမ်) တိုးမြှင့်သည့် ဤခွင့်ပြုချက်ကို ထုတ်ပေးလိုက်သည်-

(က) တူးဖော်ဆယ်ယူခွင့်ရသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ --॥

(ခ) တူးဖော်ဆယ်ယူခွင့်ရသူ၏ နေရပ်လိပ်စာနှင့် ဆယ်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(ဂ) တူးဖော်ဆယ်ယူခွင့်ရသူသည် အဖွဲ့အစည်းဖြစ်ပါက ထိုအဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာ လိပ်စာ --॥

(ဃ) တူးဖော်ရေယာဉ် အမည်နှင့် မှတ်ပုံတင်အမှတ်၊ --॥

(င) နစ်မြုပ်ရေယာဉ် အတိုင်းအတာ/တန်ချိန်(ခန့်မှန်း) --॥

(စ) နစ်မြုပ်ရေယာဉ် တည်နေရာ၊ --॥

(ဆ) မူလတူးဖော်ဆယ်ယူရန် ခွင့်ပြုချက် အမှတ်/ရက်စွဲ၊ --॥

(ဇ) တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်သည့် ကာလ၊ (--------)မှ (--)အထိ၊

(ဈ) ပထမအကြိမ်/ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခွင့်ပြုရန် လျှောက်ထားရသည့် အကြောင်းအရင်း၊ --॥

၂။ ခွင့်ပြုချက်ရရှိသည့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းသည်-

(က) အဆိုပါ နစ်မြုပ်ရေယာဉ်အား ဤခွင့်ပြုချက် ထုတ်ပေးသည့်နေ့ရက်မှစပြီး တစ်နှစ်အတွင်း တူးဖော်ဆယ်ယူပြီး ဖယ်ရှားရမည်။
(ခ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများနှင့် နည်းဥပဒေနောက်ဆက်တွဲ (က)ပါ စည်းကမ်းချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်။
(ဂ) နစ်မြုပ်ရေယာဉ်များ ဖော်ယူဖယ်ရှားရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ဥက္ကဋ္ဌ
နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊
ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့/

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

စာအမှတ် ၊ ------------------------
ရက်စွဲ ၊ ------------------------

ပုံစံ (၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန်လျှောက်လွှာပုံစံ
(နည်းဥပဒေ ၇၃)

သို့

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရက်စွဲ ၊ -----------

အကြောင်းအရာ။ **မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းတည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်း**

၁။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်း တည်ဆောက်ခြင်း၊ သင်္ဘောကျင်းတည်ဆောက်ခြင်း၊

အချပ်ပို (ဆ) သို့ ❍

○ **အချပ်ပို (စ) မှ**

ရေစိုသင်္ဘောကျင်းတည်ဆောက်ခြင်း သို့မဟုတ် ရေလုံသင်္ဘောကျင်းတည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ ၇၃ အရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ --॥

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ --॥

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ--॥

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဆ) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊ --॥

(ဇ) လုပ်ငန်းဆောင်ရွက်မည့်နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ --॥

(ဈ) လုပ်ငန်းဆောင်ရွက်မည့် နေရာနှင့်စပ်လျဉ်း၍ အရှုပ်၊ အရှင်းမရှိကြောင်း ထောက်ခံချက်ထုတ်ပေးသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အမည်နှင့် ထုတ်ပေးသည့်ရက်စွဲ၊ --॥

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ (ရှိလျှင်)။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်များ။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့် မှတ်ပုံတင် လက်မှတ်မိတ္တူ။
(ဃ) လွှန်းလမ်း၏ဒီဇိုင်းပုံစံနှင့်အတိုင်းအတာ။
(င) --॥

လက်မှတ်၊ --
လျှောက်ထားသူ အမည်--------------------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် -----------

ကိုယ်စားလှယ်အမည် -------------------------
ဆက်သွယ်ရန်လိပ်စာ၊--------------------------

ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊-----------
---॥

ပုံစံ (၆)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်လွှာပုံစံ
(နည်းဥပဒေ ၇၄)

သို့

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရက်စွဲ၊ --------------------

အကြောင်းအရာ။ **မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်း**

၁။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ ၇၄ အရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ --॥

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်း ကိုယ်စားလျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ --॥

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဆ) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊ --॥

(ဇ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ --॥

(ဈ) လုပ်ငန်းဆောင်ရွက်မည့် နေရာနှင့်စပ်လျဉ်း၍ အရှုပ်၊ အရှင်းမရှိကြောင်း ထောက်ခံချက်ထုတ်ပေးသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အမည်နှင့် ထုတ်ပေးသည့် ရက်စွဲ၊ --॥

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ မူရင်း (ရှိလျှင်)။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်များ။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင် လက်မှတ်မိတ္တူ။
(ဃ) တံတား၏ ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။
(င) တံတား၏တည်နေရာပြ မြေပုံ။
(စ) --॥

လက်မှတ်၊ --
လျှောက်ထားသူ အမည်--------------------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် -------------

ကိုယ်စားလှယ်အမည် -------------------------
ဆက်သွယ်ရန်လိပ်စာ၊ --------------------------

ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊-------------
---॥

ပုံစံ (၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ
(နည်းဥပဒေ ၇၅)

သို့

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရက်စွဲ၊-------------

အကြောင်းအရာ။ **မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း**

၁။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ ၇၅ အရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ --॥

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ် လိပ်စာ --॥

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ --॥

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ --॥

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ --॥

(ဆ) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊ --॥

(ဇ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ --॥

(ဈ) မြောင်း၏ အတိုင်းအတာ (အလျား × အနံ× အနက်)၊--॥

(ည) လုပ်ငန်းဆောင်ရွက်မည့် နေရာနှင့် စပ်လျဉ်း၍ အရှုပ်၊ အရှင်းမရှိကြောင်း ထောက်ခံချက်ထုတ်ပေးသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အမည်နှင့် ထုတ်ပေးသည့် ရက်စွဲ၊ --॥

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ(ရှိလျှင်)။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်များ။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့် မှတ်ပုံတင် လက်မှတ်မိတ္တူ။
(ဃ) မြောင်း၏ တည်နေရာပြမြေပုံ။
(င) --॥

လက်မှတ်၊ --
လျှောက်ထားသူ အမည်--------------------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် -----------

ကိုယ်စားလှယ်အမည် -------------------------
ဆက်သွယ်ရန်လိပ်စာ၊--------------------------

ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊-----------
---॥

ပုံစံ (၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းခွင့်ပြုချက် အမှတ်(/)
[နည်းဥပဒေ ၇၆ (က)]

၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နည်းဥပဒေ ၇၆(က)အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်းလုပ်ငန်း/ဆိပ်ခံတံတား သို့မဟုတ် ဇောတံတား၊ ရေဆင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်း/ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းခွင့်ပြုချက် ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ --॥

(ခ) လုပ်ငန်းခွင့်ပြုချက် ရရှိသည့် ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ --॥

(ဂ) လုပ်ငန်းခွင့်ပြုချက် ရရှိသည့် ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ --॥

(ဃ) လုပ်ငန်းခွင့်ပြုချက် ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်ရက်စွဲနှင့် တည်နေရာ လိပ်စာ၊ --॥

၂။ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပြုသည့် တည်နေရာ ၊--॥

၃။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ --॥

၄။ လုပ်ငန်းခွင့်ပြုချက် ရရှိသူသည် -

(က) မြစ်ချောင်းအတွင်း သတ်မှတ်ချက်ထက်ပို၍ တည်ဆောက်ခြင်းမပြုရ။
(ခ) ခွင့်ပြုသည့် လုပ်ငန်းနေရာအကျယ်အဝန်းအတိုင်းအတာထက်ပို၍ တည်ဆောက်ခြင်း၊ လုပ်ကိုင်ခြင်း မပြုရ။
(ဂ) မြစ်ချောင်းရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်း မပြုရ။
(ဃ) ရေထုညစ်ညမ်းမှုကို ဖြစ်စေသည့် သို့မဟုတ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသည့် ကိစ္စရပ်များ မပြုရ။
(င) လုပ်ငန်းတည်ဆောက်ပြီးပါက လုပ်ငန်းပြီးဆုံးကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပြန်လည်အစီရင်ခံ တင်ပြရမည်။

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ ၁ နှစ် ဖြစ်သည်။

(က) ခွင့်ပြုသည့် ကာလမှာ၊ ----------------မှ ---------------ထိ ဖြစ်သည်။
(ခ) လုပ်ငန်းခွင့်ပြုချက် ရရှိသူသည် ခွင့်ပြုသည့် ကာလကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ညွှန်ကြားရေးမှူးချုပ်)

စာအမှတ် ၊ ---------------------
ရက်စွဲ၊ -------------------------

လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးခြင်း

၁။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးသည့် ကာလမှာ၊ --------------- ------ မှ ---ထိ ဖြစ်သည်။
ရက်စွဲ-------------------(ညွှန်ကြားရေးမှူးချုပ်)

၂။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးသည့် ကာလမှာ၊ --------------- ------ မှ ---ထိ ဖြစ်သည်။
ရက်စွဲ-------------------(ညွှန်ကြားရေးမှူးချုပ်)

၃။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးသည့် ကာလမှာ၊ --------------- ------ မှ ---ထိ ဖြစ်သည်။
ရက်စွဲ-------------------(ညွှန်ကြားရေးမှူးချုပ်)

အချပ်ပို (ဇ) သို့ ❖

နည်းဥပဒေများ

❖ အချပ်ပို (ဆ)မှ

၄။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးသည့် ကာလမှာ၊ ---------------- မှ ----------------ထိ ဖြစ်သည်။

ရက်စွဲ------------------(ညွှန်ကြားရေးမှူးချုပ်)

၅။ လုပ်ငန်းခွင့်ပြုချက် သက်တမ်းတိုးမြှင့်ပေးသည့် ကာလမှာ၊ ---------------- မှ ----------------ထိ ဖြစ်သည်။

ရက်စွဲ------------------(ညွှန်ကြားရေးမှူးချုပ်)

ပုံစံ (၉)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများစုပုံရန် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ
(နည်းဥပဒေ ၇၉)

သို့

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရက်စွဲ၊ ----------------

အကြောင်းအရာ။ **ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေး လုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများစုပုံရန် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေး ရန် လျှောက်ထားခြင်း**

၁။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ခနိများနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ ၇၉ အရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------။

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်၊ ----------------။

(ဂ) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ ----------------။

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ ----------------။

(င) ကိုယ်စားလှယ်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာ ----------------။

(စ) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ်၊ ----------------။

(ဆ) စုပုံမည့်နေရာ လိပ်စာ၊ ----------------။

(ဇ) စုပုံမည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊ ----------------။

၂။ လျှောက်ထားသူ/အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ (ရှိလျှင်)။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ။
(ဃ) စုပုံမည့် မြေနေရာ၏ တည်နေရာပြ မြေပုံအကြမ်း။
(င) ----------------။

လက်မှတ်၊ ----------------
လျှောက်ထားသူ အမည်----------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် ----------------

ကိုယ်စားလှယ်အမည် ----------------
ဆက်သွယ်ရန်လိပ်စာ၊----------------

ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊----------------
----------------။

ပုံစံ (၁၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများစုပုံခြင်း၊ ရောင်းဝယ်ခြင်းအတွက် စုပုံရန်လုပ်ငန်းခွင့်ပြုချက်အမှတ် (/)
(နည်းဥပဒေ ၈၀)

၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နည်းဥပဒေ ၈၀ အရ စုပုံရန်လုပ်ငန်းခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ခနိများနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် စုပုံရန်လုပ်ငန်း ခွင့်ပြုချက် ထုတ်ပေးလိုက်သည်-

(က) စုပုံရန်လုပ်ငန်း ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ ----------------။

(ခ) စုပုံရန် လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ----------------။

(ဂ) စုပုံရန် လုပ်ငန်းခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ ----------------။

(ဃ) စုပုံရန်လုပ်ငန်းခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် တည်နေရာ လိပ်စာ၊ ----------------။

၂။ စုပုံရန်လုပ်ငန်းခွင့်ပြုချက် ဆောင်ရွက်ခွင့်ပြုသည့် တည်နေရာ၊ ----------------။

၃။ စုပုံရန်လုပ်ငန်းခွင့်ပြုချက် ဆောင်ရွက်ခွင့်ပြုသည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ ----------------။

၄။ စုပုံရန်လုပ်ငန်းခွင့်ပြုချက်ရရှိသူသည်-

(က) အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှု ထိခိုက်နိုင်ဖွယ်ရာမရှိစေရ။
(ခ) ခွင့်ပြုသည့် လုပ်ငန်းနေရာအကျယ်အဝန်း အတိုင်းအတာထက်ပို၍ စုပုံခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။
(ဂ) မြစ်ချောင်းရေလမ်းကြောင်းအတွင်း ရေယာဉ်သွားလာမှုကို အနှောင့်အယှက်ဖြစ်စေခြင်းမပြုရ။
(ဃ) စုပုံခြင်းလုပ်ငန်းပြီးစီးပါက လုပ်ငန်းပြီးဆုံးကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပြန်လည်အစီရင်ခံ တင်ပြရမည်။

၅။ စုပုံရန်လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် ရေကြောင်းပြောင်းလဲမှု အခြေအနေကြောင့်သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်ပြောင်းလဲမှုကြောင့်သော်လည်းကောင်း ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်လာလျှင် သော်လည်းကောင်း စုပုံရန် လုပ်ငန်းခွင့်ပြုချက် ရုပ်သိမ်းခြင်း ခံရမည်။

၆။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

(က) ခွင့်ပြုသည့်ကာလ၊---------------- မှ ----------------ထိ ဖြစ်သည်။
(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုသည့်ကာလကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းခွင့်ပြုချက်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

(ညွှန်ကြားရေးမှူးချုပ်)

စာအမှတ် ၊ ----------------
ရက်စွဲ ၊ ----------------

လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးခြင်း

၁။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးသည့်ကာလမှာ၊ ----------------မှ ----------------ထိဖြစ်သည်။

ရက်စွဲ---------------- (ညွှန်ကြားရေးမှူးချုပ်)

၂။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးသည့်ကာလမှာ၊ ----------------မှ ----------------ထိဖြစ်သည်။

ရက်စွဲ---------------- (ညွှန်ကြားရေးမှူးချုပ်)

၃။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးသည့်ကာလမှာ၊ ----------------မှ ----------------ထိဖြစ်သည်။

ရက်စွဲ---------------- (ညွှန်ကြားရေးမှူးချုပ်)

၄။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးသည့်ကာလမှာ၊ ----------------မှ ----------------ထိဖြစ်သည်။

ရက်စွဲ---------------- (ညွှန်ကြားရေးမှူးချုပ်)

၅။ လုပ်ငန်းခွင့်ပြုချက်သက်တမ်းတိုးမြှင့်ပေးသည့်ကာလမှာ၊ ----------------မှ ----------------ထိဖြစ်သည်။

ရက်စွဲ---------------- (ညွှန်ကြားရေးမှူးချုပ်)

ပုံစံ (၁၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း၊ ရေကန် တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာပုံစံ
(နည်းဥပဒေ ၈၄)

သို့

ညွှန်ကြားရေးမှူးချုပ်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရက်စွဲ၊----------------

အကြောင်းအရာ။ **ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန် တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်း၊ မြေတူးခြင်း အတွက် ခွင့်ပြုချက်ထုတ်ပေးရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ ၈၄အရ အောက်ဖော်ပြပါ အချက်အလက်များကို ဖော်ပြ၍လျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူ၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------။

(ခ) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့် မွေးသက္ကရာဇ် ၊----------------။

(ဂ) လျှောက်ထားသူ၏နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ ----------------။

(ဃ) လျှောက်ထားသူသည် အဖွဲ့အစည်းဖြစ်ပါက ထိုအဖွဲ့အစည်းအမည်၊ မှတ်ပုံတင်အမှတ်နှင့် တည်နေရာလိပ်စာ ----------------။

(င) တူးဖော်မည့်/ မြေတူးမည့်နေရာ လိပ်စာ၊ ----------------။

(စ) တူးဖော်မည့် /မြေတူးမည့် /တည်ဆောက်မည့် အတိုင်းအတာ(အလျား × အနံ × အနက်)၊ ----------------။

၂။ လျှောက်ထားသူ/ အဖွဲ့အစည်းအား ခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

၃။ လျှောက်ထားသူ/အဖွဲ့အစည်းသည် ခွင့်ပြုချက်ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းသွားမည် ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲ၍ လျှောက်ထားအပ်ပါသည်-

(က) ကိုယ်စားလှယ်လွှဲစာ မူရင်း(ရှိလျှင်)။
(ခ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်။
(ဂ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့် မှတ်ပုံတင်လက်မှတ်မိတ္တူ။
(ဃ) တူးဖော်မည့်/မြေတူးမည့် တည်နေရာပြ မြေပုံအကြမ်း။
(င) ----------------။

လက်မှတ်၊ ----------------
လျှောက်ထားသူ အမည်----------------
လျှောက်ထားသည့် အဖွဲ့အစည်းအမည် ----------------

ကိုယ်စားလှယ်အမည် ----------------
ဆက်သွယ်ရန်လိပ်စာ၊----------------

ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ၊----------------
----------------။

ပုံစံ(၁၂)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
နေပြည်တော်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်အမှတ်(/)
(နည်းဥပဒေ ၈၅)

၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နည်းဥပဒေ ၈၅ အရ ခွင့်ပြုချက်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်/အဖွဲ့အစည်းအား ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်း၊ ရေကန် တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ထုတ်ပေးလိုက်သည်-

(က) တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ ----------------။

(ခ) တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ----------------။

(ဂ) တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ်၏ နေရပ်လိပ်စာ၊ ----------------။

(ဃ) တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသည့် အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ ရက်စွဲနှင့် တည်နေရာလိပ်စာ၊ ----------------။

၂။ တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ဆောင်ရွက်ခွင့်ပြုသည့် တည်နေရာ၊ ----------------။

၃။ တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ဆောင်ရွက်ခွင့်ပြုသည့်နေရာ အကျယ်အဝန်း၊ အတိုင်းအတာ ----------------။

၄။ တူးဖော်ခြင်း၊ မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသူသည်-

(က) မြစ်ကြောင်းအတွင်း အနှောင့်အယှက် ဖြစ်စေခြင်း၊ ရေထုညစ်ညမ်းမှုကို ဖြစ်စေခြင်း စသည့် ကိစ္စရပ်များ မရှိစေရ။
(ခ) တူးဖော်ခြင်း၊ မြေတူးခြင်းလုပ်ငန်းပြီးစီးပါက လုပ်ငန်းပြီးဆုံးကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပြန်လည်အစီရင်ခံတင်ပြရမည်။

(ညွှန်ကြားရေးမှူးချုပ်)

စာအမှတ် ၊ ----------------
ရက်စွဲ ၊ ----------------